# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၆)ရက် ၊ သောကြာနေ့ ၊ (2-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၅၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC–1)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးညိုစော၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁**



မလေးရှားနိုင်ငံ လူဝင်မှု ကြီးကြပ်ရေး ထိန်းသိမ်းရေး စခန်းများရှိ မြန်မာနိုင်ငံသားများကို မြန်မာနိုင်ငံသို့ ပြန်လည် ခေါ်ဆောင်စဉ်။

## မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသောလူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စရပ်များကြောင့် ပြစ်ဒဏ်များကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန်အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တပ်မတော်မှ စစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်

**နေပြည်တော် အောက်တိုဘာ ၁**

မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာစည်းကမ်းချက်များချိုးဖောက်ခဲ့သည့်အတွက် ပြစ်ဒဏ်များကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများတွင်

**စာမျက်နှာ ၂၃ ကော်လံ ၁**

ရတနာပုံ ယနေ့ဖတ်စရာ

**တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ**

စာမျက်နှာ - ၈

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုကြောင့် ယာယီပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ပြီဖြစ်

**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ် (Land Depression)၏ အရှိန်ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက် ညနေပိုင်းမှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုဖြစ်ပေါ်၍ မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည်။ ထို့ကြောင့် တနင်္သာရီမြို့ရှိ မြေနိမ့်ပိုင်းရပ်ကွက်များနှင့် ကျေးရွာအချို့အတွင်း ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည့်အပြင်

**စာမျက်နှာ ၂၆ ကော်လံ ၁**



တနင်္သာရီတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နေမှုကို တွေ့ရစဉ်။

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၂ ရက်
အယ်ဒီတာ့အာဘော်

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လူငယ်များပါဝင်

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်တည်တံ့ခိုင်မြဲစွာဖော်ဆောင်ရာတွင် သဘာဝသယံဇာတများ၊ အခြေခံအဆောက်အအုံများနှင့် စီးပွားရေးအင်အားများသာမက နိုင်ငံ၏အနာဂတ်ကို ပုံဖော်မည့်လူ့စွမ်းအားအရင်းအမြစ်များသည်လည်း အရေးပါသည်။ ထိုလူ့စွမ်းအားအရင်းအမြစ်များအနက် အင်အား၊ စိတ်အားထက်သန်မှု၊ နည်းပညာနှင့်အသိပညာများကိုလျင်မြန်စွာလေ့လာအသုံးချနိုင်သည့် လူငယ်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောအင်အားစုတစ်ရပ်ဖြစ်သည်။

လူငယ်များသည် နိုင်ငံ၏ အနာဂတ်အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍများကိုဆက်လက်တာဝန်ယူကြမည့်မျိုးဆက်သစ်များဖြစ်သည်။ ထို့ကြောင့် လူငယ်များ၏ ပညာရည်၊ ကျွမ်းကျင်မှု၊ အတွေးအခေါ်နှင့် ဖန်တီးနိုင်စွမ်းများကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိရောက်စွာအသုံးချနိုင်ရန် နိုင်ငံတော်အစိုးရက အခွင့်အလမ်းများဖန်တီးပေးလျက်ရှိသည်။

ယနေ့ခေတ်သည် နည်းပညာနှင့် ဒစ်ဂျစ်တယ်နည်းပညာများ လျင်မြန်စွာဖွံ့ဖြိုးပြောင်းလဲနေသည့်ခေတ်ဖြစ်သည်။ လူငယ်များအနေဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို ကျွမ်းကျင်စွာအသုံးချနိုင်ရမည့်အပြင် အွန်လိုင်းပညာသင်ယူမှု၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ ဆန်းသစ်တီထွင်မှုနှင့် နည်းပညာအခြေပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ကြသည်။ ထိုစွမ်းရည်များကို နိုင်ငံ၏ လိုအပ်ချက်များနှင့်ချိတ်ဆက်အသုံးချနိုင်ပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

လူငယ်များအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာတွင် စီးပွားရေးကဏ္ဍတစ်ခုတည်းအတွက်မဟုတ်ဘဲ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောနှင့် ရေသယံဇာတများထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လူငယ်များက စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ဆောင်ရွက်ခြင်းဖြင့် မိမိတို့နေထိုင်ရာဒေသနှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးပြုနိုင်သည်။

ထို့ပြင် လူငယ်များအနေဖြင့် မိမိတို့၏ ပညာရပ်နှင့် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများကို အခြေခံ၍ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ လူမှုစီးပွားရေးလုပ်ငန်းများနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများကို ဖော်ဆောင်နိုင်ရေးကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက လူငယ်များဗလငါးတန်ပြည့်စုံစေရေး၊ လူငယ်ကဏ္ဍမြင့်မားရေးအတွက် ဘက်ပေါင်းစုံကဆောင်ရွက်ပေးနေသကဲ့သို့ လူငယ်များကလည်း မိမိတို့ရရှိလာမည့် အခွင့်အရေးများကို အမိအရဆုပ်ကိုင်၍ ပညာကိုအစဉ်မပြတ်လေ့လာဆည်းပူးခြင်း၊ နည်းပညာအသစ်များကို လေ့လာအသုံးချခြင်း၊ အလုပ်အကိုင်ကျွမ်းကျင်မှုများတိုးတက်အောင်ကြိုးစားခြင်း၊ အများအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ခြင်းတို့ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်တစ်ဖက်တစ်လမ်းမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ပင်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၅၂၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၅၂၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၅၂၈ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ပဲတီစိမ်း စိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပဲတီစိမ်း ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟုစစ်ကိုင်း မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးတို့ကို အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

## ဝမ်းတွင်းမြို့နယ် သပြေရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပဲနံ့သာကျေးရွာအုပ်စု သပြေရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၄ ဒသမ ၉ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သပြေရိုးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၁၉ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၅ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၅ ဦးကို ရန်ပုံငွေကျပ် ၂၄ ဒသမ ၉ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တီလားဗီးယားငါးပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တီလားဗီးယားငါး ပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက တီလားဗီးယားငါး ပိဿာချိန် ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း တီလားဗီးယားငါးပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသတွင် ဒေသထွက် ရေထွက်ကုန်များကိုဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဒီဘက်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ တီလားဗီးယားငါးတွေ ဝယ်လိုအားကောင်းနေတာကြောင့် ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချခဲ့ရတယ်။ ငါးပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေလုပ်ငန်းရှင်တွေနဲ့ ကုန်သည်တွေပါ အဆင်ပြေနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် မွေးမြူသည့် တီလားဗီးယားငါးနှင့် သဘာဝအတိုင်း ဖမ်းဆီးရရှိသည့် တီလားဗီးယားငါးများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ တီလားဗီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာ၌ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

**ကျောက်ဆည် အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းကုန်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်နှင့်ဝန်ထမ်းများက စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အင်းကုန်းကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် နွားမွေးမြူရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က RBF စီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ စီမံကိန်းလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို အစုအဖွဲ့စနစ်ဖြင့် နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်သည့် နန်းထိုက်အဖွဲ့၊ တော်ဝင်အဖွဲ့၊ တိုးပွားအဖွဲ့နှင့် အောင်မြင်အဖွဲ့ စုစုပေါင်း အသက်မွေးဝမ်းကျောင်းအဖွဲ့ လေးဖွဲ့ကို တစ်ဖွဲ့လျှင် စီမံကိန်းရန်ပုံငွေကျပ် ၇၅ သိန်းစီ ထုတ်ချေးပေးထားကြောင်း ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်ထံမှ သိရသည်။

**အထွေး**

# ချမ်းအေးသာစံမြို့နယ်၌ သက်ကြီးဘိုးဘွားများကို ဆေးဝါးကုသခြင်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မန္တလေး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှကြီးမှူး၍ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အသက် ၁၀၀ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများကို ဆေးဝါးကုသခြင်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက ပြည်ကြီးမျက်ရှင် ရပ်ကွက်၌ ပြုလုပ်ခဲ့သည်။

ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အသက် ၁၀၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများကို ဆေးဝါးကုသခြင်းနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ရာတွင် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အိနန္ဒာဝင်း၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သူနာပြုဆရာမများက အိမ်တိုင်ရာရောက် သွားရောက်တွေ့ဆုံကာ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်သည်။

ထို့နောက် သက်ကြီးအဘိုး၊ အဘွားတစ်ဦးလျှင် ငွေကျပ် ၁၁၀၀၀၀၊ ဖီးကြမ်းငှက်ပျောသီး၊ ကြက်ဥ၊ အိုဗာတင်း၊ ကြာဇံထုပ်၊ ထဘီနှင့်ပုဆိုးများ၊ လက်ဖက်၊ ကိတ်မုန့်၊ ဆပ်ပြာခဲ၊ သစ်သီးယိုဘူးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော သီးနှံစုံ ၄၇၃၃၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပွင့်ဖြူ အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော သီးနှံစုံ ၄၇၃၃၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၃၇၉၈၇ ဧက လျာထားစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မိုးသီးနှံစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် သီးနှံစုံ ၄၇၃၃၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ သီးနှံစုံ ၁၃၇၉၈၇ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ သီးနှံစိုက်ခင်းတွေကို လက်ရှိအချိန်မှာ ရိတ်သိမ်းနေတာဖြစ်ပါတယ်။ ဒီနေ့ထိ ရိတ်သိမ်းပြီးစီးမှုအနေနဲ့ သီးနှံစုံ ၄၇၃၃၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဒေသခံတောင်သူတွေကို အထွက်နှုန်းလျော့နည်းမှု မဖြစ်စေဖို့ အချိန်မီသီးနှံရိတ်သိမ်းရေးနည်းပညာတွေကို ပံ့ပိုးကူညီပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ရိတ်သိမ်းပြီးစီးသည့် မိုးသီးနှံစုံ ၄၇၃၃၄ ဧကတွင် ပဲတီစိမ်း ၆၇၇၅ ဧက၊ ဖူးစားပြောင်းဧက ၂၄၅၀၊ မြေပဲ၊ နှမ်း၊ နေကြာ ၃၁၇၂၁ ဧက၊ ငရုတ်ဧက ၄၂၀၊ အခြားစားသုံးသီးပင် ၁၅၄၇ ဧက၊ ကွဲ၊ နွားတိရစ္ဆာန်အစာ ၄၄၂၁ ဧကတို့ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

သီးနှံစုံကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# လဲချားမြို့နယ် ဟိုနောင်အွမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လဲချား အောက်တိုဘာ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့မကျေးရွာအုပ်စု ဟိုနောင်အွမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ဟိုနောင်အွမ်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ ရန်ပုံငွေကျပ် ၆၉၇ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၈ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၆၉၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၂၃၁၀ စိုက်ပျိုးမည်

**မြောင်းမြ အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၂၃၁၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၂၃၁၀ ကို ယခုနှစ် အောက်တိုဘာလပထမပတ်အတွင်း စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ နေကြာများ လျာထားဧကအတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများက ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ နေကြာဧက ၂၃၁၀ လျာထားစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ နေကြာတွေ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေကို မစိုက်မီ ကြိုတင်စီမံဆောင်ရွက်ပေးထားပါတယ်။ ဒေသခံတောင်သူတွေကိုလဲ နေကြာလျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ စိုက်ပျိုးမဲ့ နေကြာစိုက်ခင်းတွေကို မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်စေဖို့၊ အောင်မြင်ဖြစ်ထွန်းစေဖို့၊ အထွက်နှုန်းတိုးစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ကမ္ဘာ့ဆရာများနေ့နှင့် မြန်မာ့ဆရာများ၏ဂုဏ်ရည်

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

အောက်တိုဘာ ၅ ရက်သည် "ကမ္ဘာ့ဆရာများနေ့" (WORLD TEACHERS DAY) ဖြစ်သည်။ တစ်ကမ္ဘာလုံးရှိ ဆရာ၊ ဆရာမအားလုံး၏ ကျေးဇူးအထူးထူးကို ဖော်ကျူးဂုဏ်ပြု အမွှမ်းတင်သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

**ကမ္ဘာ့ဆရာများနေ့ဖြစ်ပေါ်လာပုံ**

ကုလသမဂ္ဂပညာသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ချုပ် (UNESCO)သည် "ဆရာများ၏ ဂုဏ်သိက္ခာ" (THE STATUS OF TEACHERS)နှင့် စပ်လျဉ်း၍ ပထမဦးစွာ အသေးစိတ်ရေးဆွဲပြုစုခဲ့သည်။ ထိုသို့ ရေးဆွဲပြုစုပြီးနောက် ထိုကိစ္စသည် အလုပ်သမားရေးရာနှင့်လည်းသက်ဆိုင်နေသည့်ကိစ္စဖြစ်၍ ယူနက်စကိုအဖွဲ့ချုပ်ကြီးက အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ်(ILO)နှင့် ထပ်မံ ဆွေးနွေးညှိနှိုင်းတိုင်ပင်ခဲ့သည်။ ယူနက်စကိုအဖွဲ့ချုပ်နှင့် အိုင်အယ်လ်အိုအဖွဲ့ချုပ်နှစ်ခုသည် ဖော်ပြပါ "ဆရာများ၏ ဂုဏ်သိက္ခာနှင့်စပ်လျဉ်းသည့် ထောက်ခံချက် (RECOM-MENDATION CONCERNING THE STATUS OF TEACHERS) ထပ်မံရေးဆွဲပြုစုခဲ့ကြသည်။ ထိုသို့အဖွဲ့ချုပ်နှစ်ဖွဲ့ ပူးတွဲရေးဆွဲပြုစုရရှိလာသည့် ထောက်ခံချက် (JOINT UNESCO ILO RECOM MENDATION CONCERNING THE STATUS OF TEACHERS)ကို အစိုးရအဖွဲ့များ၊ လူမှုရေးဆိုင်ရာအသင်းအဖွဲ့များ တက်ရောက်ကြသည့် အထူးညီလာခံကြီးသို့ တင်ပြခဲ့သည်။ ၁၉၆၆ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျင်းပခဲ့သော အဆိုပါ "အထူးညီလာခံကြီး" (A SPECIAL INTERGOVERNMENTAL CONFRENCE) နှင့် ဆရာများဂုဏ်သိက္ခာ"(THE STATUS OF TEACH-ERS) နှင့်ဆိုင်ရာ "ထောက်ခံချက်" (RECOMMEN-DATION) ကို အညီအညွတ် ဆွေးနွေးလက်ခံ အတည်ပြုပြဋ္ဌာန်းပေးခဲ့သဖြင့် ကမ္ဘာပေါ်တွင် "ဆရာများဂုဏ်သိက္ခာ"ထောက်ခံချက် ဝါ ပြဋ္ဌာန်းချက်သည် အခိုင်အမာအတည်ပြု ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဆရာများနေ့သမိုင်းတွင် ထိုသို့ သမိုင်းတွင်၊ သမိုင်းဝင်ဖြစ်ခဲ့ရသည့် ၁၉၆၆ ခုနှစ် "အောက်တိုဘာ ၅ ရက်နေ့" ကို "ကမ္ဘာ့ဆရာများနေ့" (WORLD TEACHERS DAY) အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ဆရာအတတ်၊ ဆရာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုမှုသည် သမ္မာအာဇီဝဖြစ်၍ ကောင်းသော မွန်မြတ်သော ဂုဏ်တစ်ရပ်လည်းဖြစ်ကြောင်းကို နိုင်ငံတကာ (ကမ္ဘာက) ခိုင်ခိုင်မာမာ ခံယူထားပြီးဖြစ်ရာ ဤခံယူချက်ကို အားလုံးက စနစ်တကျလက်တွေ့ကျကျ အသုံးချကြဖို့ပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် အဆိုပါ ကမ္ဘာ့ဆရာများနေ့ကို ၂၀၀၂ ခုနှစ် အောက်တိုဘာ ၅ ရက်မှစ၍ နှစ်စဉ်နှစ်တိုင်း နိုင်ငံတော်အဆင့်အဖြစ် သတ်မှတ်ကျင်းပလာခဲ့သည်မှာ ယနေ့ထိဖြစ်သည်။

"လောကကို ပညာနှင့်အလှဆင်သူ၊ သောကကို ကရုဏာနှင့် ဖြေဖျောက်ပေးသူ၊ အများအကျိုးကို ကိုယ်ကျိုးစွန့်ပြီး ဆောင်ရွက်ပေးသူကို ဆရာ" ဟု ခေါ်သည်။မြန်မာအဘိဓာန်တွင် ပညာသင်ကြားပေးသူ။ သွန်သင်ဆုံးမနည်းလမ်းပြသူ။ အတတ်လုပ်ငန်းတစ်ရပ်ရပ်တွင် ကျွမ်းကျင်သူ။ ယဉ်ကျေးသမှုဖြင့် ခေါ်သောစကားလုံးကို ဆရာဟုအဓိပ္ပာယ်ဖွင့်ဆိုထားသည်။

TEACHER

| | | | | |
|---|---|---|---|---|
| T | = | telented | = | (လုပ်ရည်ကိုင်ရည်ရှိခြင်း) |
| E | = | expert | = | (အထူးကျွမ်းကျင်ခြင်း) |
| A | = | action | = | (တက်ကြွခြင်း) |
| C | = | clever | = | (လိမ္မာပါးနပ်ခြင်း) |
| H | = | honest | = | (ရိုးသားဖြောင့်မတ်ခြင်း) |
| E | = | experience | = | (အတွေ့အကြုံများခြင်း |
| R | = | research | = | (သုတေသနပြုခြင်း) |

ဟူ၍ TEACHER ဆရာ၏အဓိပ္ပာယ်ကို အင်္ဂလိပ်စာတစ်လုံးချင်းစီဖြင့် ပညာရှင်တချို့ကလည်း ရှင်းပြထားပါသေးသည်။

ကမ္ဘာတစ်ဝန်းလုံးက အာစရိယမြတ်ဆရာများကို ၁၉၆၆ ခုနှစ်ကစ၍ ဂုဏ်ပြုအမွှမ်းတင်နေကြသော်လည်း မြန်မာလူမျိုးများကတော့ ရှေးပဝေသဏီကတည်းက သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ၊ ဆရာ၊ ဆရာမများအားလုံးကို အနန္တကျေးဇူးရှင်များအဖြစ် နှလုံးသွင်းကြည်ညိုပူဇော်ကန်တော့ခဲ့ကြသည်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးတိုင်းသည် အနန္တော အနန္တဂိုဏ်းဝင် ဆရာဆရာမများကို နေ့စဉ်ညစဉ် ရှိခိုးပူဇော် ကန်တော့နေကြလေ့ရှိရာ ကမ္ဘာ့ဆရာများနေ့၏ရည်ရွယ်ချက်များနှင့် အလွန်ပင်ထူးခြားကွဲပြားမှုရှိသည်။ အောက်တိုဘာ ၅ ရက်ကျမှ ဂုဏ်ပြုပူဇော်ကန်တော့နေခြင်းမဟုတ်ဘဲ အမြဲထာဝရဂုဏ်ပြုပူဇော်ကန်တော့နေခြင်းဖြစ်သည်။

**❖ ဆရာအတတ်၊ ဆရာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုမှုသည် သမ္မာအာဇီဝဖြစ်၍ ကောင်းသော၊ မွန်မြတ်သော ဂုဏ်တစ်ရပ်လည်းဖြစ်ကြောင်းကို နိုင်ငံတကာ (ကမ္ဘာက) ခိုင်ခိုင်မာမာ ခံယူထားပြီးဖြစ်ရာ ဤခံယူချက်ကို အားလုံးက စနစ်တကျလက်တွေ့ကျကျ အသုံးချကြဖို့ပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အဆိုပါ ကမ္ဘာ့ဆရာများနေ့ကို ၂၀၀၂ ခုနှစ် အောက်တိုဘာ ၅ ရက်မှစ၍ နှစ်စဉ်နှစ်တိုင်း နိုင်ငံတော်အဆင့်အဖြစ် သတ်မှတ်ကျင်းပလာခဲ့သည်မှာ ယနေ့ထိဖြစ်သည်။ "လောကကို ပညာနှင့်အလှဆင်သူ၊ သောကကို ကရုဏာနှင့် ဖြေဖျောက်ပေးသူ၊ အများအကျိုးကို ကိုယ်ကျိုးစွန့်ပြီး ဆောင်ရွက်ပေးသူကို ဆရာ" ဟု ခေါ်သည်။**

ဆရာ့ဝတ္တရားငါးပါးနှင့်ပြည့်စုံပြီး စေတနာ၊ ဝါသနာ၊ အနစ်နာ၊ အကြင်နာဟူသော နာလေးနာနှင့်ပြည့်စုံသည့် ဆရာ၊ ဆရာမများကို အနန္တောအနန္တငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော "အာစရိယဂုဏောအနန္တော"ဟုပင် ကျေးဇူးတရားကို တန်ဖိုးထားသတ်မှတ်ကာ ပူဇော်မှုအစုစုကို ပြုကျင့်နေကြသည်။ ကျေးဇူးတရားနှင့်ပတ်သက်၍ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ တည်းဟူသော အမြတ်ဆုံးကျေးဇူးရှင်ငါးပါးထဲတွင် တစ်ဂိုဏ်းတည်း။ တစ်ထပ်တည်း၊ ထပ်တူကျရာ၊ ဂုဏ်ပြုအမွှမ်းတင်ထားခြင်းကို ထောက်ရှုခြင်းအားဖြင့် ဆရာ့ဂုဏ်ကျေးဇူးအထူးထူးကို ချီးကျူးဂုဏ်ပြုပူဇော်ကန်တော့နေကြသည်။

တစ်ကမ္ဘာလုံးနှင့်ပတ်သက်နေသော "ကမ္ဘာ့ဆရာများနေ့"ကိုတော့ ၁၉၆၆ ခုနှစ် အောက်တိုဘာ ၅ ရက်မှတောင်၍ သတ်မှတ်ခဲ့သော်လည်း မြန်မာနိုင်ငံတွင်မူ ၂၀၀၂ ခုနှစ် အောက်တိုဘာ ၅ ရက်မှစတင်၍ "ကမ္ဘာ့ဆရာများနေ့ (WORLD TEACHERS DAY) ကို ကျင်းပခဲ့ရာ ၂၄ ကြိမ်မြောက် ခရီးသို့ရောက်ခဲ့လေပြီ။ မြန်မာနိုင်ငံတွင်မူ ကမ္ဘာ့ဆရာများနေ့တွင် ဆရာ၊ ဆရာမများ၏ ဂုဏ်ကျေးဇူးများကို ဖော်ထုတ်အမွှမ်းတင်ဂုဏ်ပြုခြင်း၊ စာပေပြိုင်ပွဲများ ကျင်းပပေးခြင်း၊ ထူးချွန်ဆရာ၊ ဆရာမများကို ရွေးချယ်ချီးမြှင့်ခြင်း စသည်ဖြင့် နှစ်စဉ်ဆောက်ရွက်နေခဲ့ကြသည်။ ဝါလကင်းလွတ်သီတင်း ကျွတ်အခါသမယတွင် ကိုယ်နှင့်နီးစပ်ရာ ဆရာ၊ ဆရာမများကို ပူဇော်ကန်တော့ကြလေ့ရှိသည်။ ထိုအစဉ်အလာများကို ထိုးဖောက်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများစုပေါင်း၍ ဆရာ၊ ဆရာမ (အငြိမ်းစား) များကို ပူဇော်ကန်တော့ပွဲများကျင်းပလာခဲ့ကြသည်။အစကတော့တစ်ကျောင်းနှစ်ကျောင်းတည်း နှစ်စဉ်ကျင်းပခဲ့ရာမှ အခြားကျောင်းများကပါ အားကျလာကြပြီး ကျောင်းတိုင်းလိုလို ကျင်းပလာခဲ့ကြသည်။ မြို့နယ်အသင်းများကလည်း ကြီးမှူးကျင်းပလာခဲ့ကြရာ တစ်မြို့နယ်လုံးရှိ အငြိမ်းစား ဆရာ၊ ဆရာမကြီးများအားလုံး(ရပ်ဝေးရပ်နီး)မကျန် ဖိတ်ကြားကန်တော့နေကြသည်။

အထူးသဖြင့် (နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ) ဆောင်းရာသီတွင် နိုင်ငံအနှံ့အပြား၌ အာစရိယပူဇော်ကန်တော့ပွဲများ စဉ်ဆက်မပြတ်လှုပ်ရှားကျင်းပကြလေ့ရှိသည်။ ထိုနည်းတူ စာဆိုတော်နေ့နှင့်နီးသောကြောင့် စာပေဟောပြောပွဲများနှင့်ပူးတွဲပြီး အာစရိယပူဇော်ပွဲများကိုပါ ကျင်းပလာခဲ့ကြသည်။ စာရေးဆရာ၊ ဆရာမများလည်း ကျောင်းသား၊ ကျောင်းသူဟောင်း (တပည့်ဟောင်း) များနှင့်ရောပြီး သက်ကြီးရွယ်အို အငြိမ်းစား ဆရာ၊ ဆရာမကြီးများကိုကန်တော့နေခဲ့ကြရာ ပီတိဖြာနေကြရသည်။ ဒေသခံတပည့်ဟောင်းများနှင့်အတူ ငယ်မူငယ်သွေး ကျောင်းသား၊ ကျောင်းသူများ စိတ်များဝင်လာကြကာ သူတို့နည်းတူ ကြည်နူးလာကြသည်။

"ကျောင်းရိပ်မှာခို ကောင်းစိတ်သဒ္ဓါပိုတဲ့ ဆရာအိုတို့ တချို့တိမ်းခဲ့ပြီမို့ စိမ်းလဲ့ရီ မိခင်ရင်းဆီသို့ ငယ်ချင်းတွေဆုံချင်စမ်းပါဘိ" ဟူ၍ ကွယ်လွန်သွားရှာပြီဖြစ်သော အငြိမ်းစားအထက်တန်းမြန်မာစာပြ ဆရာကြီး သက်ကြီးကန်တော့ခံစာပေပညာရှင်ကြီး ဦးရွှေဝိုင်း (ရွှေငယ်ဝိုင်း-ကြို့ပင်ကောက်) ၏ ဆရာကန်တော့ပွဲ ဖိတ်ကြားလွှာပါ ကဗျာလေးကလည်း ဘယ်သောအခါမှ မရိုးနိုင်ကြဘဲ နှလုံးသားထဲတွင် စွဲထင်နေကြဆဲပင်။

တစ်နှစ်တစ်ကြိမ် ငယ်ပေါင်းရောင်းရင်းတွေ ဆုံတွေ့ကြရလေတိုင်း ငယ်ဘဝကို ပြန်လည်သတိရကြပြီ။ နုပျိုစိတ်တွေနိုးကြွလာကြကာ ငယ်မူပြန်လာလေ့ရှိကြသည်။ ငယ်ဆရာတချို့ကို မတွေ့ကြရပြန်တော့ မျက်ရည်စို့ကြရလေသည်။ တွေ့ကြရသည့် ဆရာအိုများကလည်း တပည့်များကိုကြည့်ပြီး ပီတိမျက်ရည်ဝဲကြလေ့ရှိသည်။ တပည့်များ၏ မချိမျက်ရည်များနှင့် ဆရာအိုကြီးများ၏ ပီတိမျက်ရည်များ အားပြိုင်နေကြသည့် အာစရိယပူဇော်ကန်တော့ပွဲများကို ကမ္ဘာပေါ်တွင်မြန်မာနိုင်ငံတစ်နိုင်ငံတည်းသာ ရှိပေလိမ့်မည်။

တက္ကသိုလ်ကျောင်းသား၊ကျောင်းသူဟောင်းများကလည်း ဘာသာရပ်အလိုက်အာစရိယပူဇော်ကန်တော့ပွဲများကို နှစ်စဉ်မပျက် ကျင်းပနေကြလေရာ စိတ်ပညာကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ကန်တော့ပွဲ၌ "ဆရာတက္ကသိုလ် ဘုန်းနိုင်" က သူရေးစပ်ထားသောကဗျာကို သူကိုယ်တိုင်ရွတ်ဆိုရှင်းပြ ဩဝါဒပေးခဲ့ဖူးသည်။

"အမုန်းဆိုတာ အမေမသိသည့်ပမာ၊ ပုန်းရှောင်တယ်ဆိုတာ လစန္ဒာမှာမရှိပါ"တဲ့။ မိခင်တိုင်းသည် သားသမီးများကို ဘယ်တော့မှ မုန်းရိုးထုံးစံမရှိသလို အလင်းရောင်နှင့် အေးရိပ်ကိုပေးနေကြသော လစန္ဒာနှင့် ပမာတူကြသည့် ဆရာ၊ ဆရာမများသည် တပည့်များကို ဘယ်တော့မှ ပုန်းရှောင်နေရိုးမရှိကြဘဲ ထာဝစဉ်စောင့်ကြို ပျိုးထောင် ပေးနေချင်ကြသူတွေပါဟု ဆရာ့စေတနာကို လှစ်ဟကြေညာသွားခဲ့ရာ ယနေ့တိုင် ကြားယောင်နေဆဲပါ။ ဆရာ၊ ဆရာမများက တပည့်များကို မမြင်ချင်ယောင်ဆောင်ပြီး ရှောင်နေလေ့မရှိကြသော်လည်း တပည့်တချို့ကတော့ ဆရာဆရာမများကို မမြင်ချင်ယောင်ဆောင်ပြီး ရှောင်နေကြလေ့ရှိသည်။

"ခေါင်းကနင်းလည်း ငါမငြင်းဘူး၊ ခြေကတက်လည်း ငါမျက်ဘူး၊ ထက်ပိုင်းကျိုးချင်ကျိုးပါစေ"ဟု ဆရာကြီး ဦးရွှေဝိုင်း (ရွှေငယ်ဝိုင်း- ကြို့ပင်ကောက်) က ဆရာ အိုကြီးများ၏ဘဝကို "တံတားအို"များအဖြစ် ပမာ ထားရေးသားထားရာ အနက်သဘောအားဖြင့် ကျယ်ပြောလှပါဘိ။ တံတားအိုလေးမှာ နှစ်ပေါင်းများစွာ လူတကာတို့ဖြတ်ကျော်ကူးလျက် လိုရာခရီးနှင်ကြရင်း ဆင်းသူဆင်း၊ တက်သူတက်၊ နင်းသူနင်း၊ ကျော်သူကျော်၊ ငြိုငြင်မှုမရှိ၊ ပကတိကြည်ဖြူစွာ လူတကာလျှောက်လှမ်းနိုင်ရေးအတွက် လမ်းဖောက်ပေးခဲ့သည်။ တစ်နှစ်ပြီးတစ်နှစ်၊ တစ်ခေတ်ပြီး တစ်ခေတ်၊ အသစ်ပြီးအသစ်သော လူများသည် ဤတံတားအိုလေးပေါ်မှ လှမ်းခဲ့ကျော်ခဲ့၊ လိုရာခရီးတွေ ရောက်ခဲ့ပေါက်ခဲ့ကြလေပြီ။ သူတို့ဖြတ်သန်းခဲ့ကြသော လမ်းခရီးက ဤတံတားအိုလေးကို သတိရကောင်းမှ ရကြပေလိမ့်မည်။ သတိရ သည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ကျေးဇူးမတင်သည်ဖြစ်စေ၊ ဤတံတားအိုလေးသည်ကား မမှု။ သွားလေသူအပေါင်း လိုရာခရီးရောက်အောင် ထောက်ပံ့ကူညီလိုက်ရသည်ကိုပင် ကျေနပ်ပီတိဖြစ်နေသည်။ ခေါင်းကပဲနင်းနင်း၊ ခြေကပင်တက်တက်၊ ထက်ပိုင်းကျိုးချင်ကျိုးသွားပါစေ အနစ်နာခံနိုင်ပါသည်ဟု ဆရာကောင်းတို့၏စေတနာ၊အနစ်နာ၊မေတ္တာကိုဖော်ညွှန်းပြဆိုထားခြင်းဖြစ်သည်။

ဆရာကြီး ဂုဏ်ထူးဦးသိန်းနိုင်ကလည်း "ကျောက်သွေးဆရာ အသွေးမခံရတဲ့ကျောက်မျက်ဟာ ဘယ်တော့မှ ရောင်းတန်းဝင် ကျောက်မျက်ရတနာဖြစ်လာမှာမဟုတ်ဘူး။ ပန်းပုဆရာအထုမခံရတဲ့ ယမနေသစ်သားဟာ ဘယ်တော့မှ ယမနေယမင်းရုပ်တု ဖြစ်လာမှာမဟုတ်ဘူး။ ကျောက်ဆစ်ဆရာ ထုဆစ်ခြင်းမခံရတဲ့ကျောက်တုံးဟာ ဘယ်တော့မှ အများကြည်ညိုပူဇော်ခံရတဲ့ ဗုဒ္ဓရုပ်ပွားတော် ဖြစ်လာမှာမဟုတ်ဘူး။ ထိုနည်းတူစွာ ဆရာမပြ နည်းမကျဆိုသလို ဆရာနဲ့ကင်းကွာကြသူတိုင်းဟာ ဘာမှ ဖြစ်ထွန်းလာကြမှာမဟုတ်ဘူး"ဟု ဆရာများ၏ အရေးပါအရာရောက်မှုကို သာဓကပြုပြောဆို လမ်းညွှန်ခဲ့သည်။

သို့သော် "ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော့" ဟူသော "မဃဒေဝလင်္ကာလာ" ဆုံးမစာအရ ဆရာပီသသူများက တပည့်ဟောင်းများကို တွေ့ချင်မြင်ချင်နေကြချိန်တွင် တပည့်ဟောင်းများက အာစရိယပူဇော်ပွဲများ ကျင်းပလာကြသောအခါ အတိုင်းမရှိပီတိဖြစ်ကြလေ့ရှိသည်။

ထိုနေရာတွင် "နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော့"ဟု ဆိုဆုံးမခဲ့သည့် ဆရာ၊ ဆရာမတို့၏ စေတနာမေတ္တာကို ယနေ့မျိုးဆက်သစ်များနှင့် အချို့မိဘအုပ်ထိန်းသူများကို သိမြင်ဆင်ခြင်ကြစေချင်သည်။

စာမျက်နှာ ၅ သို့ á

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## အောင်မြင်မှုပန်းတိုင်

- အခက်ခဲကြုံ ရင်ဆိုင်ဖြတ်
  အဆုံမှတ်က ပန်းတိုင်ဆီ၊
  ကြိုးစားသူ အောင်မြင်ခြင်းမို့
  ဆောင်ကြဉ်းရှေ့ချီ၊
  ဖွဲလုံ့လ ကံဉာဏ်ညီ
  ထိုးဖောက်ပြီ ဘဝအတွက်၊
  အောင်ပန်းဝေ သရဖူဆောင်းလို့
  ကောင်းမြတ်ပြောင်ထွက်။

- ယုံကြည်ရာ ရည်မှန်းချက်ရယ်နှင့်
  တိုးတက်ဖို့ ကြံဆောင်၊
  ပန်းတိုင်သည် လက်တစ်ကမ်းမို့
  လျှောက်လှမ်းကုတ်နှောင်၊
  အလွယ်မတွေး စွမ်းဆောင်အောင်
  ထွန်းတောက်ပြောင် အောင်မြင်မှု၊
  ပျင်းစိတ်ဖယ် ဝီရိယထားလို့
  နိုးကြားသတိပြု။

- အချိန်ကို အစဉ်ရှေးရှု
  လမ်းဖောက်ထု ရည်မှန်းရာ၊
  အောင်မြင်ခြင်း များအကျိုးမို့
  သယ်ပိုးကြပါ၊
  အေးချမ်းတော့ ပြည်သာယာ
  သည်ကမ္ဘာ တည်တံ့၊
  ကျော်လွှားနိုင် ဂုဏ်သတင်းမို့
  ရှင်းရှင်းသန့်သန့်။ ။

ရင်ခတ်ပန်း(စွယ်တော်)

## ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၃၂၃၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲကြီးစိုက်ခင်းကို တွေ့ရစဉ်။

**ဆားလင်းကြီး အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၃၂၃၈ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆားလင်းကြီးမြို့နယ်တွင် ပဲကြီး ၁၃၂၃၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးသွားမည် ဖြစ်ပြီး အချိန်မီ စိုက်ပျိုးနိုင်ရေး အတွက်လည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဆားလင်းကြီးမြို့နယ်မှာ ပဲကြီးဧက ၁၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပဲကြီး အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက် ပေးသွားပါမယ်"ဟု ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်း က ပြောပြသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့ စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

အိုးဖုတ်သမားသည် ကိုယ်လုပ်သည့်အိုး လှပခိုင်ခံ့အောင် နာနာရိုက်ခတ်၍ မီးထဲသို့ထည့်ကြရသည်။ ထိုနည်းတူ ဆရာ၊ ဆရာမများသည် ကိုယ့်တပည့်ကောင်းစားရေးအတွက် ကရုဏာဒေါသောဖြင့် ရိုက်နှက်ဆုံးမိတတ်ကြသည်။ ဤသည်ကို အကဲဆတ်ကြသည့် မိဘအုပ်ထိန်းသူတချို့က ခံပြင်းဒေါသဖြင့် ဆရာ၊ ဆရာမများကို အမှုဖွင့်အရေးယူခဲ့ကြသည်။ ထို့ကြောင့် တပည့်တချို့ကလည်း ဆရာ၊ ဆရာမများကို မခန့်လေးစားပြုမူလာခဲ့ကြသည်။ မထီမဲ့မြင် တုံ့ပြန်လာကြသည်။ ရိုင်းစိုင်းလာကြသည်။ အချို့မိဘအုပ်ထိန်းသူများနှင့် အချို့တပည့်ရိုင်းများကြောင့် "အာစရိယဂုဏောအနန္တော"ဟူသော အနန္တဂိုဏ်းတစ်ဂိုဏ်းပင် ပျောက်ကွယ်သွားမည်ကို စိုးရိမ်ဖွယ်ရာကောင်းနေသည်။

တကယ်တော့ ဆရာစစ်စစ်၊ ဆရာမ စစ်စစ်တို့မည်သည်မှာ ပန်းချီးသူများမဟုတ်၊ ပန်းပျိုးသူဥယျာဉ်မှူးများသာဖြစ်ကြသည်။ တပည့်များကို အလင်းရောင်ပေးရင်း၊ အိုမင်းသွားကြသော ဆရာအိုကြီးများသည် မီးစာလည်းတို၊ ဘဝလည်းပြိုသည့် ဖယောင်းတိုင်များနှင့် တူလှသည်။ သစ်ခုတ်သမားအိုကြီးများနှင့်တူကြသော ဆရာအိုကြီးများသည် သစ်တောထဲမှ မိမိတို့ခုတ်ထွင်ပေးလိုက်သော သစ်အားလုံးကို အသုံးဝင်မျက်နှာပန်းလှသော စန္ဒကူးသား အမွှေးအကြိုင်များပဲ ဖြစ်စေချင်ကြသည့် စေတနာအမှန်၊ မေတ္တာအမှန်၊ အကြင်နာအမှန်ပင်ဖြစ်သည်။

နိုင်ငံတော်ပညာရေးအတွက် ထူးချွန်ပြောင်မြောက်သော ကိုယ်ပိုင်ကျောင်းများ များစွာရှိနေကြသည်မှာ မင်္ဂလာရှိလှပါပေသည်။ သို့သော် ဂုဏ်ထူးရသူများကို ဝယ်ယူကြေညာနေကြသော ပညာရေးဗန်းပြလုပ်စားနေကြသူတချို့နှင့် အသပြာဆရာအနည်းငယ်ကြောင့် အစိုးရကျောင်းများရှိ ဆရာစစ်စစ်၊ ဆရာမစစ်စစ်များကို ထိခိုက်နေသည်။ ထို့ပြင် ပို၍ဆိုးရွားစော်ကားပြစ်မှားနေကြသော အချို့စုန်းပြူးငွေဝယ်ကျွန် အနည်းစုရှိနေကြသည်။ သခင်အားရကျွန်ပါးဝသဘော၊ "ဖြူစိမ်းကျောင်း ဖြူစိမ်းကျောင်း"ဟု သရော်လှောင်ပြောင်ရှုတ်ချနေကြသည်မှာ ရင်နာစရာကောင်းလှသည်။ သူတို့ကို မိခင်ကျေးဇူးရှင် ဖြူစိမ်းကျောင်းများက မွေးထုတ်ပေးခဲ့ကြသည်ကို ယစ်မူးမေ့လျော့ပြီး ကျေးစွပ်နေကြလေရာ ယိုသူမရှက် မြင်သူရှက်စရာ ကောင်းလှသည်။ ပညာရေးမှာ လွှဲမှားသောနိုင်ငံရေးပယောဂဝင်လာလျှင် အထွေထွေနစ်နာဆုံးရှုံးကြလေ့ရှိသည်။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်သည့်ပမာ ဆရာ၊ ဆရာမ အများစု၏ ဂုဏ်သိက္ခာကို အနည်းနှင့်အများဆိုသလို ကျဆင်းစေသည်။ ယုတ်ညံ့သူကြောင့် မြင့်မြတ်သူများကို ထိခိုက်စေသည်။

မည်သို့ပင်ဆိုစေကာမူ "ပညာချို့တဲ့၊ ကျေးဇူးမဲ့က၊ ဆုတ်သည့်လသို့၊ ခဏမကြာ၊ ရှေ့လျောရာ၏၊ ပညာမြင်မြော်၊ သူတော်အစစ်၊ ဖြစ်လာခဲ့က၊ ဆန်းသစ်လသို့၊ ကြွယ်ဝကုံလုံ၊ ဤလူ့ဘုံ၌၊ လုံးစုံဦးညွှတ်၊ ခမြဲဝတ်လျက်" ဟု "မဃဒေဝလင်္ကာ" တွင် ဆိုဆုံးမထားရာ ဆရာနှင့် မကင်းသော တပည့်မှန်သမျှသည် "ကမ္ဘာ့ဆရာများနေ့"မှာသာမက မြန်မာ့ယဉ်ကျေးမှုဓလေ့အရ ဆရာ၊ ဆရာမများကို နေ့စဉ်နှင့်အမျှ ထာဝရရိုသေလေးစား ဦးညွှတ်ဂုဏ်ပြုပူဇော်နေကြသင့်ပါသည်။

## ပဲခူးမြို့နယ် ကင်းမွန်းခြံ(ဘူတာစု)ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပဲခူး အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကင်းမွန်းခြံ(ဘူတာစု) ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့်ဝန်ထမ်းများက ကင်းမွန်းခြံ(ဘူတာစု) ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် လမ်းအရှည်ပေ ၉၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၇ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇူလိုင်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီဖြစ်ကြောင်း သိရသည်။

သန္တာ

# တစ်နှစ်တာကာလ စီးပွားရေးရည်မှန်းချက်များ ပြည့်မီရေးကြိုးပမ်းရန် တရုတ်သမ္မတ ပြောကြား



ပေကျင်း အောက်တိုဘာ ၁

တစ်နှစ်တာလုံးအတွက် ချမှတ်ထားသော စီးပွားရေးရည်မှန်းချက်များ ပြည့်မီရေးအတွက် ကြိုးပမ်းကြရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က စက်တင်ဘာ ၃၀ ရက်တွင် သက်ဆိုင်ရာ တာဝန်ရှိသူများကို တိုက်တွန်း ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တည်ထောင်မှု ၇၇ နှစ်ပြည့် အထိမ်းအမှတ် ဧည့်ခံပွဲမိန့်ခွန်း၌ သမ္မတရှီကျင့်ဖျင်က ထိုသို့တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အတူ တရုတ်နိုင်ငံသည် ထိုင်ဝမ်ရေလက်ကြား ဆက်ဆံရေး ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်ရေး၊ အမျိုးသား ပြန်လည်ပေါင်းစည်းရေး မဟာလမ်းစဉ်တို့ကို အားပေးမြှင့်တင်ရမည် ဖြစ်ကြောင်းလည်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ စီးပွားရေးမှာ ဖိအားများဖြင့် ရင်ဆိုင်နေရသည့်တိုင် တရုတ်စီးပွား၏အားကောင်းမောင်းသန် ပြန်လည်နာလန်ထူနိုင်စွမ်းနှင့် ရှင်သန်နိုင်စွမ်းတို့ကို သက်သေပြနေသည်ဟု သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့ကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

# နှစ်နိုင်ငံကြား ယုံကြည်မှုပြန်လည်တည်ဆောက်ရာတွင် ပါဝင်ရန် မြောက်ကိုရီးယားကို တောင်ကိုရီးယားသမ္မတ ပြောကြား

ဆိုးလ် အောက်တိုဘာ ၁

တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံကြား ယုံကြည်မှုပြန်လည်တည်ဆောက်ရေးနှင့် နှစ်နိုင်ငံဆွေးနွေးပွဲများ ပြန်လည်စတင်ရေးအတွက် ကြိုးပမ်းရာတွင် ပါဝင်ကူညီရန် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်က မြောက်ကိုရီးယားနိုင်ငံကို ယနေ့တွင် ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

နှစ်နိုင်ငံကြား ယုံကြည်မှုပြန်လည်တည်ဆောက်ရေးနှင့် ဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရေးတို့အတွက် ကြိုးပမ်းရာတွင် မြောက်ကိုရီးယားလည်း ပူးပေါင်းပါဝင်လာမည်ဟု မိမိတို့မျှော်လင့်ကြောင်း သမ္မတလီဂျေးမြောင်က တောင်ကိုရီးယား တပ်မတော်နေ့ အခမ်းအနားမိန့်ခွန်း၌ ပြောကြားခဲ့သည်။

နှစ်နိုင်ငံစစ်မဲ့ဇုန် နယ်စပ်၌ ဖြစ်ပွားခဲ့သည့် မြေမြှုပ်မိုင်းပေါက်ကွဲမှုများနှင့် ပတ်သက်၍ တောင်နှင့်မြောက် ကိုရီးယား နှစ်နိုင်ငံကြား တစ်ဖက်နှင့်တစ်ဖက် စွပ်စွဲပြစ်တင်ခဲ့ကြပြီးနောက် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်က ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

တောင်ကိုရီးယားနှင့် ကုလသမဂ္ဂစစ်ဌာနချုပ်တို့၏ စုံစမ်းစစ်ဆေးမှုများအရ ထိုမြေမြှုပ်မိုင်းများကို မြောက်ကိုရီးယားတပ်များက ချထားခဲ့ခြင်းဖြစ်နိုင်ကြောင်းသိရသည်။

တောင်ကိုရီးယားနှင့် ကုလသမဂ္ဂစစ်ဌာနချုပ်တို့၏ အဆိုပါ စုံစမ်းစစ်ဆေးမှုရလဒ်ကို မြောက်ကိုရီးယားအစိုးရက အဖြစ်မှန်ကို ပုံဖျက်ထားသော ရလဒ်အဖြစ် ဝေဖန်ပယ်ချခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အမေရိကန်နိုင်ငံ၌ သေဒဏ်ကျ တရားခံအမျိုးသမီးကို ဆေးထိုးကွပ်မျက်ရန်ကြိုးပမ်းမှု အောင်မြင်ခြင်းမရှိခဲ့

နယူးယောက် အောက်တိုဘာ ၁

အမေရိကန်နိုင်ငံ တနက်ဆီပြည်နယ်တွင် စက်တင်ဘာ ၃၀ ရက်က သေဒဏ်ကျတရားခံ အမျိုးသမီးတစ်ဦးကိုဆေးထိုးကွပ်မျက်ရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်ခြင်းမရှိခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ခရစ္စတာပိုက်ခ်အမည်ရှိ အဆိုပါ သေဒဏ်ကျ တရားခံအမျိုးသမီးသည် လွန်ခဲ့သော နှစ် ၃၀ က ကျူးလွန်ခဲ့သည့် လူသတ်မှုတစ်မှုအတွက် သေဒဏ်ချမှတ်ခံထားရသူဖြစ်သည်။

သို့ရာတွင် စက်တင်ဘာ ၃၀ ရက်က ခရစ္စတာပိုက်ခ်ကို တနက်ဆီပြည်နယ် အကျဉ်းထောင် တာဝန်ရှိသူများက ဆေးထိုးကွပ်မျက်ခဲ့သော်လည်း ခရစ္စတာပိုက်ခ်မှာ သေဆုံးခြင်းမရှိဘဲ အသက်ဆက်ရှင်နေခဲ့ရာ ကွပ်မျက်မှုအစီအစဉ်ကိုရပ်ဆိုင်း၍ သီးသန့်ဆေးရုံတစ်ရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

ဆေးထိုးကွပ်မျက်မှု အစီအစဉ် ပျက်ပြားခဲ့ပြီးနောက် ခရစ္စတာပိုက်ခ်၏ သေဒဏ်ပြစ်ဒဏ်နှင့် ပတ်သက်၍ တနက်ဆီပြည်နယ် တာဝန်ရှိသူများနှင့် တရားခံရှေ့နေများက ဥပဒေကြောင်းအရ မည်သို့ရှေ့ဆက် ဆောင်ရွက်ကြမည်ကို မသိရသေးကြောင်း သိရသည်။

အသက် ၅၀ နှစ်ရှိ ခရစ္စတာပိုက်ခ်သည် တနက်ဆီပြည်နယ်၌ နှစ်ပေါင်း ၂၀၀ အတွင်း ဆေးထိုးကွပ်မျက်ခံရသည့် ပထမဆုံး အမျိုးသမီးဖြစ်သည်။

၎င်းသည် အသက် ၁၈ နှစ်အရွယ် ၁၉၉၅ ခုနှစ် ဇန်နဝါရီလတွင် ကျူးလွန်ခဲ့သော ကျောင်းနေဖက်တစ်ဦးကိုသတ်ဖြတ်မှုအတွက် သေဒဏ်ချမှတ်ခံထားရသူ ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အမြဲတမ်းနေထိုင်ခွင့်ရရှိလိုသူများအတွက် စည်းမျဉ်းများကို ဂျပန်အစိုးရ တင်းကျပ်



တိုကျို အောက်တိုဘာ ၁

ဂျပန်နိုင်ငံ၌ အမြဲတမ်းနေထိုင်ခွင့်ရယူလိုသော ပြည်ပနိုင်ငံသားများအတွက် စည်းမျဉ်းများကို ဂျပန်အစိုးရက ယနေ့တွင် ထပ်မံတင်းကျပ်လိုက်ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆင့်ဆင့် အာဏာသက်ဝင်မည့် ဂျပန်အစိုးရ စည်းမျဉ်းသစ်များအရ ဂျပန်နိုင်ငံ၌ အမြဲတမ်းနေထိုင်လိုသူ ပြည်ပနိုင်ငံသားများသည် ၎င်းတို့၏ဝင်ငွေမှာ ပျမ်းမျှဝင်ငွေ၏ အထက်တွင်ရှိကြောင်း သက်သေပြရန် လိုအပ်မည် ဖြစ်သည်။

ထို့ပြင် ဂျပန်နိုင်ငံ၌ အမြဲတမ်းနေထိုင်ခွင့် ရယူလိုသူများသည် ဂျပန်ဘာသာစကားကို ပြောတတ်ဆိုတတ်ကြောင်းလည်း သက်သေပြရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဂျပန်အစိုးရသည် ဂျပန်နိုင်ငံ၌ အမြဲတမ်းနေထိုင်ခွင့် လျှောက်ထားစရိတ် ကိုလည်း ယနေ့မှစ၍ အဆ ၂၀ ထိ မြှင့်တင်ရန်စီစဉ်ထားသည်။

ဂျပန်အစိုးရသည် ဝန်ကြီးချုပ် တာကာအိချီ၏ လူဝင်မှုကြီးကြပ်ရေးမူဝါဒ တင်းကျပ်ရေးအစီအစဉ်အရ ဂျပန်နိုင်ငံ၌ အမြဲတမ်းနေထိုင်ခွင့် လျှောက်ထားလိုသူများအတွက် လိုအပ်ချက်များကို တင်းကျပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဖလိုင်းဒူဘိုင်းခရီးသည်တင်လေယာဉ်ကို ထိုးဆင်းဖျက်ဆီးမည့် တွဲဖက်လေယာဉ်မှူး၏ ကြိုးပမ်းမှုကို လေယာဉ်အမှုထမ်းနှင့် ခရီးသည်များတားဆီးနိုင်ခဲ့




ဒူဘိုင်း အောက်တိုဘာ ၁

ယူအေအီး အခြေစိုက် ဖလိုင်းဒူဘိုင်း လေကြောင်းလိုင်းခရီးသည်တင်လေယာဉ်ကို ထိုးဆင်းဖျက်ဆီးမည့် တွဲဖက်လေယာဉ်မှူး တစ်ဦး၏ကြိုးပမ်းမှုကို လေယာဉ်အမှုထမ်းနှင့် ခရီးသည်များက ယနေ့တွင် တားဆီးနိုင်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ ဖလိုင်းဒူဘိုင်းခရီးသည်တင် လေယာဉ်သည် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့မှ အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့သို့ ဦးတည်ပျံသန်းနေစဉ် တွဲဖက်လေယာဉ်မှူးက အိန္ဒိယနိုင်ငံသား လေယာဉ်မှူးကို ဓားဖြင့်ထိုး၍ လေယာဉ်ကို ထိုးဆင်းရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် လေယာဉ်မှူးက တွဲဖက်လေယာဉ်မှူးကို ပြန်လည်ခုခံတိုက်ခိုက်၍ လေယာဉ်မောင်းခန်းတံခါးကို ဖွင့်ပေးနိုင်ခဲ့ရာ ခရီးသည်နှင့် ကျန်လေယာဉ်အမှုထမ်းများက လေယာဉ်ထိုးကျမည့်အရေးကို တားဆီးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖလိုင်းဒူဘိုင်းခရီးသည်တင် လေယာဉ်ပေါ်တွင် အစ္စရေးနိုင်ငံသားများနှင့် အခြားနိုင်ငံသားများအပါအဝင် ခရီးသည်နှင့် လေယာဉ်အမှုထမ်း ၁၄၇ ဦး လိုက်ပါလာကြောင်း သိရသည်။

တွဲဖက် လေယာဉ်မှူးသည် လေယာဉ်ကို ထိုးချဖျက်ဆီးရန် ကြိုးပမ်းခဲ့သည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည် ဟု အစ္စရေးအစိုးရက သတင်းထုတ်ပြန်ထားကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

# အာကာသယာဉ်မှူးများလိုက်ပါမည့် စတားလိုင်နာအာကာသလူသယ်ယာဉ်ကို ၂၀၂၈ ခုနှစ်ထိတိုင် လွှတ်တင်နိုင်ဦးမည်မဟုတ်ကြောင်း နာဆာထုတ်ပြန်



**ဝါရှင်တန် အောက်တိုဘာ ၁**

ဘိုးရင်းကုမ္ပဏီ၏ အာကာသယာဉ်မှူးများလိုက်ပါမည့် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို ၂၀၂၈ ခုနှစ်ထိတိုင် လွှတ်တင်နိုင်ဦးမည်မဟုတ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က စက်တင်ဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

စီစဉ်ထားသည့်အတိုင်းဖြစ်မြောက်ခဲ့ပါက ဘိုးရင်းကုမ္ပဏီသည် ယခုနှစ် ဒီဇင်ဘာလ သို့မဟုတ် ၂၀၂၇ ခုနှစ် ဇန်နဝါရီလအတွင်း အာကာသယာဉ်မှူးများ လိုက်ပါခြင်းမရှိသည့် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို လွှတ်တင်မည်ဖြစ်သည်။

သို့ရာတွင် အာကာသယာဉ်မှူးများလိုက်ပါမည့် စတားလိုင်နာ အာကာသ လူသယ်ယာဉ်ကိုမူ ၂၀၂၈ ခုနှစ်ထိ လွှတ်တင်နိုင်ဦးမည် မဟုတ်ကြောင်း သိရသည်။

ဘိုးရင်းကုမ္ပဏီသည် အာကာသယာဉ်မှူးများ လိုက်ပါမှုမရှိသည့် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို ၂၀၂၂ ခုနှစ် မေလတွင် ပထမဆုံးအကြိမ် လွှတ်တင်ခဲ့သည်။

သို့ရာတွင် အာကာသယာဉ်၌ တပ်ဆင်ထားသည့် ချိန်ကိုက်စနစ် ပြဿနာကြောင့် ပတ်လမ်းမှားဝင်ခဲ့ရပြီး နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ခြင်း မရှိခဲ့ပေ။

၂၀၂၄ ခုနှစ် ဇွန်လတွင် ဘိုးရင်းကုမ္ပဏီသည် အာကာသယာဉ်မှူးနှစ်ဦးလိုက်ပါသွားသည့် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်ခဲ့သော်လည်း ဒုံးကန်အားထိန်းချုပ်မှုစနစ်ပြဿနာများကြောင့်အထက်ပါအာကာသယာဉ်မှူးနှစ်ဦးမှာ နိုင်ငံတကာအာကာသစခန်းပေါ်တွင် သောင်တင်ခဲ့ရကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# အိပ်စက်ရန်ခက်ခဲမှုပြဿနာ ရှိနေသူများ၌ လေဖြတ်နိုင်ခြေ မြင့်မားလာနိုင်ဖွယ်ရှိ

**ဗီယင်နာ အောက်တိုဘာ ၁**

အိပ်စက်ရန်ခက်ခဲမှုပြဿနာ (Insomnia)သည် လေဖြတ်နိုင်ခြေမြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

ဩစတြီးယား သုတေသနပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာ သုတေသနပညာရှင်များသည် လူပေါင်းသန်းနှင့်ချီပါဝင်သည့် Insomnia ပြဿနာဆိုင်ရာ လေ့လာချက်ပေါင်း ၂၀ တို့မှရရှိသည့် အချက်အလက်များကို စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ Insomnia ပြဿနာသည် လေဖြတ်နိုင်ခြေ ၂၆ ရာခိုင်နှုန်း မြင့်တက်လာနိုင်မှုနှင့် ဆက်စပ်နေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် Insomnia ပြဿနာရှိနေသူများသည် ၎င်းပြဿနာမရှိသူများနှင့်နှိုင်းယှဉ်ပါက စိတ်ကျဝေဒနာနှင့် ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်လိုစိတ် ဝင်လာနိုင်ခြေများ မြင့်မားနေတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ထိုနည်းတူ Insomnia ပြဿနာရှိနေသူများသည် အကြောင်းအမျိုးမျိုးကြောင့် ဆေးရုံတက်ရောက်ရနိုင်ခြေလည်း ပုံမှန်ထက် ၃၀ ရာခိုင်နှုန်းခန့် ပိုမြင့်မားကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

# အင်္ဂါဂြိုဟ်၏ မျိုးဆက်သစ်ဘူမိမြေပုံသစ်ကို ၂၀၂၈ ခုနှစ်တွင် အပြီးသတ်ရေးဆွဲဖန်တီးရန် တရုတ်အမျိုးသားအာကာသအေဂျင်စီ စီစဉ်ထား

**ပေကျင်း အောက်တိုဘာ ၁**

အင်္ဂါဂြိုဟ်၏ မျိုးဆက်သစ်ဘူမိမြေပုံသစ်ကို ၂၀၂၈ ခုနှစ်တွင် အပြီးသတ်ရေးဆွဲဖန်တီးရန် တရုတ်အမျိုးသားအာကာသအေဂျင်စီက စီစဉ်ထားကြောင်း စက်တင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

အင်္ဂါဂြိုဟ်၏ ရေခဲတတ်တည်ရှိမှုသမိုင်းကို ပြန်လည်တည်ဆောက်ရန်နှင့် အင်္ဂါဂြိုဟ်ဘူမိခေတ်များ ပိုင်းခြားမှုစနစ်သစ်ကို မိတ်ဆက်ပေးရန်ရည်ရွယ်၍ အဆိုပါမြေပုံသစ်ကို ၂၀၂၈ ခုနှစ်တွင် အပြီးသတ် ရေးဆွဲရန်အတွက် တရုတ်အမျိုးသား အာကာသအေဂျင်စီက စီစဉ်ထားခြင်းဖြစ်သည်။

အင်္ဂါဂြိုဟ် ဘူမိမြေပုံရေးဆွဲရေးအစီအစဉ်ကို တရုတ်သိပ္ပံအကယ်ဒမီမှ တာဝန်ရှိသူများက စက်တင်ဘာ ၂၈ ရက်တွင် အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီက တီယန်ဝန်-၁ မစ်ရှင်အရ ၂၀၂၁ ခုနှစ်က လွှတ်တင်ခဲ့သော ကျူရောင်းအင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်၏ ရေခဲတတ်တည်ရှိမှုသမိုင်းနှင့်ပတ်သက်၍ သဲလွန်စသစ်များ ရှာဖွေပေးနိုင်ခဲ့သည်။



တရုတ် အမျိုးသားအာကာသအေဂျင်စီသည် ကျူရောင်းအင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်မှရရှိသည့် အချက်အလက်များကို အခြေခံ၍ အင်္ဂါဂြိုဟ် ဘူမိမြေပုံသစ်ကို ရေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ကျူရောင်းအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်မှ ရရှိသည့် အချက်အလက်များအရ လွန်ခဲ့သည့် နှစ်ပေါင်း ၃ ဒသမ ၅ ဘီလီယံကာလထိ အင်္ဂါဂြိုဟ်ပေါ်၌ ကျယ်ပြန့်သည့် သမုဒ္ဒရာတစ်စင်း တည်ရှိနေကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# ပုံစံ-၂ ဆီးချိုရောဂါလူနာသုံးပုံတစ်ပုံ၌ နှလုံးနှင့် ကျောက်ကပ်ရောဂါများဖြစ်နိုင်ခြေ မြင့်တက်နိုင်

**အီဒင်ဘတ် အောက်တိုဘာ ၁**

ပုံစံ-၂ ဆီးချိုရောဂါလူနာသုံးပုံတစ်ပုံ၌ ငါးနှစ်အတွင်း နှလုံးနှင့် ကျောက်ကပ်ရောဂါများ ဖြစ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

စကော့တလန်နိုင်ငံ ဂလပ်စဂိုတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလနှင့် ၂၀၂၄ ခုနှစ် မတ်လကြားကာလအတွင်း ပုံစံ-၂ ဆီးချိုရောဂါ စစ်ဆေးတွေ့ရှိခဲ့ရသူ ၁ ဒသမ ၆ သန်းကျော်တို့၏ ဆေးမှတ်တမ်းများ လေ့လာစိစစ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ပုံစံ-၂ ဆီးချိုလူနာ သုံးပုံတစ်ပုံခန့်တွင် ရောဂါစစ်ဆေးတွေ့ရှိခဲ့ရပြီး ငါးနှစ်အတွင်း နှလုံးရုတ်တရက် ရပ်တန့်နိုင်ခြေနှင့် ကျောက်ကပ်ရောဂါများဖြစ်ပွားနိုင်ခြေတို့ မြင့်တက်လာနိုင်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ပုံစံ-၂ ဆီးချိုရောဂါလူနာများ၏ အထက်ပါကျန်းမာရေးပြဿနာများပေါ်ထွက်လာနိုင်ခြေသည် ရောဂါစစ်ဆေးတွေ့ရှိခဲ့ရပြီး ၁၀ နှစ်အကြာတွင် ၅၅ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

အလားတူ စမ်းသပ်မှုတွင် ပါဝင်ခဲ့သော ပုံစံ-၂ ဆီးချိုလူနာများအနက် လေးပုံသုံးပုံခန့်တို့တွင် သွေးအတွင်း ကိုလက်စထရောပါဝင်မှုအဆင့် မြင့်မားနေတတ်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

ထိုနည်းတူ လူနာသုံးပုံနှစ်ပုံကျော်တွင်လည်း သွေးဖိအားပုံမှန်ထက် မြင့်တက်နေတတ်ကြောင်း သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ သိရသည်။

Ref : Russia Today

Trs : KKO



# ဦးတည်ရာမဲ့မျောလွင့်နေကြသည့် အာကာသတွင်းနက်များက ကြယ်စုများ၏ သမိုင်းသဲလွန်စများကို သယ်ယူလာနိုင်ဖွယ်ရှိ

**ဝါရှင်တန် အောက်တိုဘာ ၁**

ဦးတည်ရာမဲ့ မျောလွင့်နေကြသည့် အာကာသတွင်းနက်များသည် ကြယ်စုများ၏ သမိုင်းသဲလွန်စများကို သယ်ယူလာနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

အာကာသ ဟင်းလင်းပြင်အတွင်း ဦးတည်ရာမဲ့မျောလွင့်နေကြသည့် အာကာသတွင်းနက်များသည် ကြယ်စုကြီးများ တစ်ခုနှင့်တစ်ခု ဝင်တိုက်ချိန်၊ ပေါင်းစည်းမိချိန်များတွင် မူလကြယ်စုများမှ ဖယ်ထုတ်ခံခဲ့ရသော အာကာသတွင်းနက်များ ဖြစ်ကြသည်။

ကြယ်စုကြီးများ၏ဗဟိုချက်၌ တည်ရှိသော မဟာအာကာသတွင်းနက်ကြီးများ၏ လှုပ်ရှားမှုသည် ၎င်းတို့တည်ရှိရာ ကြယ်စုကြီးများ၏ ဆင့်ကဲပြောင်းလဲမှုများအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ယေးလ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဦးတည်ရာမဲ့ မျောလွင့်နေသော အာကာသ တွင်းနက်များသည် ကြယ်စုများ၏ ဆင့်ကဲပြောင်းလဲမှုသမိုင်းကို သက်သေခံနိုင်ကြောင်း သိရသည်။

ဦးတည်ရာမဲ့ မျောလွင့်နေသော အာကာသတွင်းနက်များနှင့် အထိုင်နေရာယူထားသည့် အာကာသတွင်းနက် နှစ်မျိုးစလုံးမှာ သက်ဆိုင်ရာကြယ်စုများ၏ ဆင့်ကဲပြောင်းလဲမှုသမိုင်းကို ပြသနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ



**နေပြည်တော်  အောက်တိုဘာ ၁**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မီတာခကောက်ခံမှုစနစ်ပြောင်းလဲရေး၊ လျှပ်စစ်မီးရရှိရေး၊ မြို့ရှောင်လမ်းစီမံကိန်းဆောင်ရွက်ပေးရေး၊ လမ်းများအဆင့်မြှင့်တင်ပေးရေး၊ တံတားတည်ဆောက်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၁ ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းနှစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ လသာမဲဆန္ဒနယ်မှ ဦးလှတင့်၏ **မီတာခကောက်ခံမှုစနစ်ကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီသိသော မီတာခကောက်ခံမှုစနစ်သို့ ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများ အချိန်နှင့်တစ်ပြေးညီသိသော မီတာခကောက်ခံမှုစနစ်သည် လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို မိနစ်ပိုင်း၊ နာရီပိုင်းအလိုက် အချိန်နှင့်တစ်ပြေးညီ အလိုအလျောက်တိုင်းတာထားပြီး လျှပ်စစ်ဓာတ်အားသုံးစွဲသူနှင့် ထိန်းချုပ်ကွပ်ကဲသူတို့က သိရှိနိုင်ရန်နှင့် Online Banking မှတစ်ဆင့် ဓာတ်အားခပေးချေနိုင်သည်ထိ စီစဉ်ချိတ်ဆက်ထားသောစနစ် တစ်ခုဖြစ်ပါကြောင်း။

အဆိုပါ အချိန်နှင့်တစ်ပြေးညီသိသော မီတာခကောက်ခံမှုစနစ်တွင် တပ်ဆင်ရသော မီတာများသည် ရိုးရိုး Analouge နှင့် Digital မီတာများကဲ့သို့ လ၏အဆုံးတွင် မီတာတပ်ဆင်သည့်နေရာတွင် သွားရောက်ဖတ်ရှုရန်မလိုဘဲ သိရှိလိုသည့်အချိန်တွင် Utility ၏ Control Center နှင့် Consumer တို့သည် ချိတ်ဆက်ထားသော Monitoring Display တွင်လည်းကောင်း၊ Web Portal တွင်လည်းကောင်း ချက်ချင်းကြည့်ရှုသိရှိနိုင်သည့်စနစ်ဖြစ်ပါကြောင်း၊ ယင်းစနစ်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများတွင် Hardware အခြေခံအဆောက်အအုံ၊ ဆက်သွယ်ရေးကွန်ရက်၊ ဆော့ဖ်ဝဲလ်နှင့် စနစ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ၊ လုံခြုံမှု၊ ပြုပြင်ထိန်းသိမ်းမှု၊ ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများ လိုအပ်မည်ဖြစ်ပါကြောင်း။

လက်ရှိလျှပ်စစ်ဓာတ်အား သုံးစွဲသူများအတွက် တပ်ဆင်ပေးထားသော မီတာအရေအတွက် စုစုပေါင်း ၆၂၇၀၉၁ လုံးရှိသည့်အနက် AMI မီတာလဲလှယ်တပ်ဆင်ပြီးမီတာ ၁၃၇၃၀၇၅ လုံးဖြစ်ပါ၍ လဲလှယ်ရန် ၅၅၅၄၀၁၆ လုံး ကျန်နေပါကြောင်း၊ ထို့ပြင် လျှပ်စစ်ဓာတ်အားသုံးစွဲရန် အသစ်လျှောက်ထားသူများအတွက်လည်း ထပ်မံလိုအပ်ပါမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ AMI မီတာများတိုးချဲ့တပ်ဆင်မှု၊ Main Server တိုးချဲ့မှု၊ Billing Server နှင့် ဘဏ်ချိတ်ဆက်မှုအတွက် Software & System Infrastructure တိုးချဲ့မှုတို့ကို နှစ်စဉ်ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါ အခြေခံအဆောက်အအုံများကို အပြည့်အဝတည်ဆောက် အကောင်အထည်ဖော်နိုင်မှသာလျှင် အချိန်နှင့်တစ်ပြေးညီသိသော မီတာခကောက်ခံမှုစနစ်ကို ရောက်ရှိမည်ဖြစ်ပါကြောင်း၊ ယင်းအတွက် ဆောင်ရွက်ရန် အချိန်ကာလနှင့် ဘဏ္ဍာငွေကြေးများစွာ လိုအပ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လောင်းလုံးမဲဆန္ဒနယ်မှ ဦးတင့်လွင်၏ **လောင်းလုံးမြို့ပေါ် ရပ်ကွက်လေးခုနှင့် ဆက်စပ်ကျေးရွာများကို လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ထားဝယ်ခရိုင်အတွင်းရှိ ထားဝယ်၊ လောင်းလုံး၊ သရက်ချောင်း၊ ရေဖြူမြို့များ၏ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ကံပေါက်ဒေသတွင် မဂ္ဂါဝပ် ၂၀ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိပါကြောင်း၊ ဓာတ်အားပေးစက်များ မောင်းနှင်နိုင်ရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ နှစ်သန်းခန့်ကို ခွဲဝေဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း။

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၃၃ ကေဗွီ ထားဝယ်-လောင်းလုံး-ဇလွတ် ဓာတ်အားလိုင်း၊ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ လောင်းလုံးဓာတ်အားခွဲရုံနှင့် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဇလွတ်ဓာတ်အားခွဲရုံတို့ကို တည်ဆောက်၍ ကံပေါက်သဘာဝဓာတ်ငွေ့ဓာတ်အားပေးစက်ရုံမှ ဓာတ်အားဖြင့် ဓာတ်အားပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ၃၀-၉-၂၀၂၅ ရက်တွင် လောင်းလုံးမြို့ပေါ်ရှိ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံအတွင်းသို့ အကြမ်းဖက်အဖွဲ့က ဝင်ရောက်၍ ပစ်ခတ်ဖျက်ဆီးမှုများကြောင့် Main Transformer နှင့် ဆက်စပ်ပစ္စည်းများ ပျက်စီး၍ ဓာတ်အားပြတ်တောက်ခဲ့ရပါကြောင်း။

လက်ရှိနယ်မြေအခြေအနေအရ ပျက်စီးသွားသည့် ထရန်စဖော်မာနှင့် လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများကို ပြန်လည်ပြုပြင်နိုင်ခြင်း မရှိသေးပါကြောင်း၊ ဓာတ်အားခွဲရုံပြန်လည်ပြုပြင်နိုင်ရေးအတွက် လိုအပ်သည့် ရန်ပုံငွေကို တနင်္သာရီတိုင်းဒေသကြီး အနီးစပ်ဆုံးဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ နယ်မြေအခြေအနေနှင့် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ပြန်လည်စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးမှသာ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တမူးမဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်၏ **တမူးမြို့နယ်သို့ မဟာဓာတ်အားလိုင်းရောက်ရှိအောင် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က တမူးခရိုင် တမူးမြို့နယ်အတွင်းသို့ မဟာဓာတ်အားစနစ်ဖြင့် ချိတ်ဆက်နိုင်ရန် ကေဗွီ ၂၃၀ ကလေးဓာတ်အားခွဲရုံမှ ကေဗွီ ၂၃၀ ကလေး-တမူးဓာတ်အားလိုင်း မိုင် ၉၀ တည်ဆောက်၍ ကေဗွီ ၂၃၀ တမူးပင်မဓာတ်အားခွဲရုံသို့ ဆက်သွယ်ရမည်ဖြစ်ပြီး အဆိုပါ ကေဗွီ ၂၃၀ ဓာတ်အားလိုင်းသည် ခါမ်းပါတ်မြို့အနီးမှ ဖြတ်သန်းသွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင် နိုင်ငံတော်ဓာတ်အားပေးစနစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး(မြောက်ပိုင်း)သို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးတို့အတွက် မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ကေဗွီ ၂၃၀ ကလေး-တမူး ဓာတ်အားလိုင်း မိုင် ၉၀ နှင့် ဓာတ်အားခွဲရုံစီမံကိန်းနှင့် တမူးမြို့မှ လေးမိုင်ခန့်အကွာ တမူး-ကလေး ကားလမ်းမကြီးအရှေ့ဘက်ဘေး တမူးမြို့ အင်ဒိုင်းကျေးရွာအုပ်စု ကွင်းအမှတ် OSS ကွင်းပြင်အတွင်းရှိ ဧက ၁၀၀ အကျယ်အဝန်းရှိမြေတွင် ၂၃၀/၆၆ ကေဗွီ ပင်မဓာတ်အားခွဲရုံတည်ဆောက်ရန် လျာထားခဲ့ပါကြောင်း။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနက ကေဗွီ ၂၃၀ ကလေး-တမူး ဓာတ်အားလိုင်းမိုင် ၉၀ နှင့်ပင်မဓာတ်အားခွဲရုံ (မြေယာလျော်ကြေးပေးအပ်နိုင်ရေးနှင့် ခြံစည်းရိုးကာရံခြင်း)လုပ်ငန်းများအတွက် တင်ဒါခေါ်ယူစိစစ်ဆောင်ရွက်ခဲ့ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းကလည်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကြား သဘောတူညီမှုဖြင့် ၂၃၀/၆၆ ကေဗွီ တမူးပင်မဓာတ်အားခွဲရုံမှ တမူးမြို့သို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း လေးမိုင်နှင့် တမူးမြို့ ဇောဓိကုန်းရပ်မြို့မရပ်ကွက် အကွက်အမှတ်(၆၃)တွင် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ထပ်ဆင့်ဓာတ်အားခွဲရုံ တည်ဆောက်၍ တမူးမြို့ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် လျာထားခဲ့သော်လည်း နယ်မြေဒေသအခြေအနေအရ လျာထားစီမံကိန်းများကို ဆက်လက်ဆောင်ရွက်နိုင်မှု မရှိသေးပါကြောင်းနှင့် နယ်မြေဒေသအခြေအနေကောင်းမွန်လာပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်နိုင်၏ **နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စုသို့ ဓာတ်အားခွဲရုံတစ်ရုံနှင့် (11KV) အစိုးရလျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က နောင်ချိုမြို့နယ်ရှိ ကံကြီးကျေးရွာသို့ ၃၃/၁၁ ကေဗွီ ရွှေညောင်ပင်မဓာတ်အားခွဲရုံမှ ၁၁ ကေဗွီ နောင်ချိုမြို့တွင်းဖီဒါမှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးပေးထားပြီး ၁၁ ကေဗွီ ဓာတ်အားလိုင်းမှာ ကံကြီးကျေးရွာထိ ၂၁ မိုင်ခန့် ရှည်လျားပါကြောင်း၊ ကံကြီးကျေးရွာမှ တောင်ရှည်ကျေးရွာထိ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၃ မိုင်ခန့် ထပ်မံဆွဲရမည်ဖြစ်သဖြင့် စုစုပေါင်း ၁၁ ကေဗွီ ဓာတ်အားလိုင်းမှာ ၃၄ မိုင်ခန့်ရှိမည်ဖြစ်သည့်အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးရန် နည်းပညာအရ သင့်လျော်မှုမရှိသည့်အတွက် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ တစ်ရုံ ထပ်မံတည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ နောင်ချိုမြို့နယ်၏ တောင်ဘက်ခြမ်းတွင်ရှိသော တောင်ရှည်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ လျှပ်စစ်မီးရရှိရန် ၃၃ ကေဗွီ ရေလင့်ဓာတ်အားခွဲရုံမှ တောင်ရှည်ကျေးရွာထိ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၉ မိုင်နှင့် တောင်ရှည်ကျေးရွာတွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်မှစ၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပြည်ထောင်စုရန်ပုံငွေဖြင့် လျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမြင့်ကို၏ **တနိုင်းမြို့ပေါ်ရှိ ရပ်ကွက် ခုနစ်ခုနှင့် တပ်နယ်လက်အောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များကို နေ့စဉ် လျှပ်စစ်မီး သုံးနာရီ ပုံမှန်ရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က တနိုင်းမြို့ကို ကေဗွီအေ ၅၀၀ ဒီဇယ်ဓာတ်အားပေးစက် သုံးလုံးဖြင့် လစဉ်ဌာနဆီခွဲတမ်း ၁၇၅၅ ဂါလန်နှင့် ထပ်မံလိုအပ်သည့် စက်သုံးဆီကို မြို့မီးလင်းရေးကော်မတီ၏ ထောက်ပံ့မှုဖြင့် ဓာတ်အားသုံးစွဲသူ ၂၂၄၆ ဦးကို တစ်ရက်လျှင် သုံးနာရီဖြင့် နေ့စဉ် ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါကြောင်း။

၂၀၂၂ ခုနှစ် နောက်ပိုင်းတွင် ဒီဇယ်စက်သုံးဆီဈေးနှုန်းများ အဆမတန်မြင့်တက်လာခြင်း၊ ဒေသတွင် ဝယ်ယူရန်ခက်ခဲလာခြင်း၊ ဓာတ်အားခများ တိုးမြှင့်ကောက်ခံသော်လည်း စက်သုံးဆီထောက်ပံ့ရန် အဆင်မပြေခြင်းတို့ကြောင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့မီးလင်းရေးကော်မတီများပါဝင်သော အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၂၅ ခုနှစ် မေလတွင် မြို့မီးလင်းရေးကော်မတီကို ဖျက်သိမ်းခဲ့ပြီး ဌာနဒီဇယ်ဆီခွဲတမ်း ၁၇၅၅ ဂါလန်ဖြင့်သာ မောင်းနှင်ဓာတ်အားပေးခဲ့ရပါကြောင်း။

ထို့ပြင် ဒီဇယ်ဓာတ်အားပေးစက် သုံးလုံးရှိသည့်အနက် နှစ်လုံးမှာ စက်မောင်းသက်တမ်းကြာမြင့်လာခြင်းကြောင့် ချို့ယွင်းခဲ့ပြီး မီးစက်ကုမ္ပဏီများမှ ကျွမ်းကျင်သူများကလည်း နယ်မြေအခြေအနေကြောင့် သွားရောက်ပြုပြင်နိုင်မှုမရှိသဖြင့် ကျန်ရှိသည့် ကေဗွီအေ ၅၀၀ ဒီဇယ်ဓာတ်အားပေးစက် တစ်လုံးဖြင့်သာ ဌာနဆီခွဲတမ်း ၁၇၅၅ ဂါလန်ဖြင့်မောင်းနှင်၍ အုပ်စုသုံးစုခွဲကာ အုပ်စု တစ်ခုလျှင် ၁ နာရီ ၁၅ မိနစ်ခန့် အလှည့်ကျဓာတ်အားဖြန့်ဖြူးပေးခဲ့ရပါကြောင်း။

သို့ဖြစ်ပါ၍ တနိုင်းမြို့ပေါ်ရပ်ကွက်များ နေ့စဉ်လျှပ်စစ်မီး သုံးနာရီရရှိရေးအတွက် နယ်မြေအခြေအနေကောင်းမွန်ချိန်တွင် ကျွမ်းကျင်ပညာရှင်များကို စေလွှတ်ပြီး ချို့ယွင်းလျက်ရှိသည့် ကေဗွီအေ ၅၀၀ ဒီဇယ်ဓာတ်အားပေးစက် နှစ်လုံးကို ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖျက်သိမ်းခဲ့သော တနိုင်းမြို့မီးလင်းရေးကော်မတီကို ပြန်လည်ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးနဲမဲဆန္ဒနယ်မှ စိုင်းထွန်းလင်း၏ **မိုးနဲမြို့ရှောင်လမ်းစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မိုးနဲမြို့ရှောင်လမ်း ဖောက်လုပ်ရန် လမ်းကြောင်းအရှည်မှာ ၁၄ မိုင် ၂ ဖာလုံခန့်ရှိပါကြောင်း၊ မိုးနဲမြို့ရှောင်လမ်း

**စာမျက်နှာ ၉ သို့**

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၈ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဦးသောင်းရွှေ၏ **ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ဘုရားငါးဆူကျေးရွာအုပ်စု ဘုရားငါးဆူကျေးရွာတွင် တိမ်ကောနေသော ကန်ဦးရေကန်ကြီးကို ပြန်လည်တူးဖော်ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကန်ဦးရေကန်သည် ဘုရားငါးဆူကျေးရွာ နယ်နိမိတ်အတွင်းတည်ရှိပြီး ကျေးရွာသောက်သုံးရေကန်မဟုတ်ဘဲ ကွယ်လုလင်လေးကျေးရွာနှင့် ပင်ကတောကျေးရွာတို့၏ လယ်မြေများအတွက် စိုက်ပျိုးရေရယူအသုံးပြုသည့် ရေကန်ဖြစ်ပါကြောင်း၊ လယ်မြေဧက ၁၂၀ ခန့်အတွက် အကျိုးပြုပြီး ရေနေရိယာ ၂ ဒသမ ၃၆ ဧကခန့်နှင့် ရေနေအနက် ပျမ်းမျှပေ ၂၀ ခန့်ဖြစ်ပြီး ချုံနွယ်များပိတ်ဆို့နေပါကြောင်း။

အဆိုပါရေကန်ကြောင့် စိုက်ပျိုးရေအပြင် မြေအောက်ရေအောင်းလွှာကို အထောက်အကူဖြစ်စေပြီး အနီးကျေးရွာများမှ **စာမျက်နှာ ၁၀ သို့**

**စာမျက်နှာ ၈ မှအဆက်**

ဖောက်လုပ်မည်ဆိုပါက လမ်းနယ်အကျယ်သတ်မှတ်ချက်မှာ ပေ ၁၅၀ ဖြစ်ပါသဖြင့် လမ်းနယ်ဧရိယာမှာ ၂၅၉ ဧကခန့်ရှိမည်ဖြစ်ပြီး ယာမြေ ၂၂၅ ဧကနှင့် လယ်မြေ ၃၄ ဧကဖြစ်ပါကြောင်း၊ လမ်းနယ်သတ်မှတ်သိမ်းသွင်းနိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် ကွင်းဆင်းစစ်ဆေး၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊ မြေယာသိမ်းဆည်းခြင်းနှင့် မြေယာလျော်ကြေးများ ပေးချေခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မြို့ရှောင်လမ်းဖောက်လုပ်နိုင်ရေး တည်ဆောက်ရမည့် လမ်းတံတားလုပ်ငန်းများအတွက် ဒီဇိုင်းတိုင်းတာပုံထုတ်ခြင်း၊ စီမံကိန်းတန်ဖိုးတွက်ချက်ခြင်း၊ စီမံကိန်းအသစ်ဆောင်ရွက်ရန် ခွင့်ပြုချက်တင်ပြတောင်းခံခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မိုးနဲမြို့တွင်းလမ်းပိုင်း ၁ မိုင် ၄ ဖာလုံကို ကွင်းရှောင်နိုင်ရန် မြို့ရှောင်လမ်းကို ၁၄ မိုင် ၂ ဖာလုံ ဖောက်လုပ်ရမည်ဖြစ်ခြင်း၊ လယ်ယာမြေ ၂၅၉ ဧကအတွက် လယ်ယာမြေလျော်ကြေးများ ပေးချေရမည်ဖြစ်ခြင်း အစရှိသည့် မြို့ရှောင်လမ်းဖောက်လုပ်မည်ဆိုပါက ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် ထိခိုက်နစ်နာဆုံးရှုံးမှုများ၊ ဖောက်လုပ်မည့်ကုန်ကျစရိတ်များ စသည့် အချက်အလက်များကို တွက်ချက်စဉ်းစားသုံးသပ်ပြီးမှသာလျှင် ဆောင်ရွက်ရမည်ဖြစ်ခြင်းနှင့် လက်ရှိအခြေအနေအရ ယာဉ်သွားလာမှုအတွက် ကောင်းစွာလုံလောက်မှုရှိခြင်းတို့ကြောင့် လတ်တလောတွင် မိုးနဲမြို့ရှောင်လမ်းဖောက်လုပ်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်သူရ၏ **လက်ပံတန်း–သာရဝေါသွား မဟာဗျူဟာလမ်းကို ကွန်ကရစ်လမ်းခင်းခြင်း သို့မဟုတ် အကြီးစားပြင်၊ထိန်းပြုလုပ်ခြင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လက်ပံတန်း–သာရဝေါသွား မဟာဗျူဟာလမ်းသည် လက်ပံတန်းမြို့နှင့် ဧရာဝတီမြစ်ကမ်းပါးရှိ ကျုံလဟာကျေးရွာသို့ ဆက်သွယ်ထားသည့် ၂၀ မိုင် ၂ ဖာလုံအရှည်ရှိသော လက်ပံတန်း–ကျုံလဟာလမ်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၁ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၁၄ မိုင် ၁ ဖာလုံ၊ ကျောက်ခင်းလမ်း ၄ မိုင် ၃ ဖာလုံဖြစ်ပါကြောင်း။

အဆိုပါလမ်းကို ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း တစ်ဖာလုံ၊ လမ်းအောက်ခံမြေပြုပြင်၍ ဒု–အခြေခံလွှာခင်းခြင်း လေးဖာလုံ လုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ ပျက်စီးမှုဖြစ်ပေါ်နေသောနေရာများကို သွားလာမှုအဆင်ပြေချောမွေ့စေရန် လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်တွင် ပျက်စီးနေသော လမ်းပိုင်းတစ်မိုင်ကို ကျောက်ခင်းလမ်းခင်းနိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းကို နှစ်အလိုက်အဆင့်ဆင့်တိုးမြှင့်လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မက်မန်းမဲဆန္ဒနယ်မှ ဦးရန်ကျော်၏ **မက်မန်းမြို့နယ်၌ ဘဏ္ဍာနှစ် တစ်နှစ်လျှင် ကွန်ကရစ်လမ်း သုံးမိုင်မှ ငါးမိုင်ခန့် ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မိုင်းပျဉ်း–မက်မန်းလမ်းသည် ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ်မှ မက်မန်းခရိုင် မက်မန်းမြို့နယ်ထိ ၆၇ မိုင် ၆ ဖာလုံအရှည်ရှိသော မိုင်းပျဉ်း–မက်မန်းလမ်း၏ လမ်းပိုင်းတွင်ပါဝင်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ မက်မန်းခရိုင် မက်မန်းမြို့နယ်အပိုင်းသည် ၄၆ မိုင် ၇ ဖာလုံအရှည်ရှိပြီး လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၂၅ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း သုံးဖာလုံ၊ ကျောက်လမ်း ၆ မိုင် ၆ ဖာလုံ၊ အမာခံလမ်း ၁၄ မိုင်ရှိပါကြောင်း။

မိုင်းပျဉ်း–မက်မန်းလမ်း၏ မက်မန်းခရိုင် မက်မန်းမြို့နယ်အပိုင်းတွင် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်း နှစ်ဖာလုံ၊ ကျောက်လမ်းနှင့် အမာခံလမ်းပိုင်းများတွင် ခွဲကျောက်ဖြင့် လမ်းမျက်နှာပြင်ပြုပြင်ခြင်း ၂ မိုင် ၄ ဖာလုံ လုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ အဆိုပါလမ်းကို လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ နှစ်အလိုက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဘိုကလေးမဲဆန္ဒနယ်မှ ဦးစန်းမောင်၏ **ဘိုကလေး–ကြိမ်ချောင်းကြီးလမ်းပိုင်းနှင့် ကြိမ်ချောင်းကြီး–ကဒုံကနီလမ်းပိုင်းတို့ကို ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ်ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဘိုကလေး–ကြိမ်ချောင်း–ကဒုံကနီလမ်းသည် ၂၀၀၈ ခုနှစ် နာဂစ်ကာလအပြီး ဖောက်လုပ်ခဲ့သော နာဂစ်လမ်းကွန်ရက် ၁၁ လမ်းအနက်မှ အမှတ်(၅) လမ်းဖြစ်ပြီး လမ်းအရှည် ၄၂ မိုင်ရှိသည့် ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ လက်ရှိလမ်းအခြေအနေမှာ ၂၄ ပေအကျယ် ကတ္တရာလမ်း နှစ်ဖာလုံ၊ ၁၂ ပေအကျယ် ကတ္တရာလမ်း ၁၅ မိုင်၊ ၁၆ ပေအကျယ် အမာခံလမ်း ၂၆ မိုင် ၆ ဖာလုံဖြစ်ပြီး ကောင်းမွန်သောအပိုင်း ခြောက်ဖာလုံ၊ အသင့်အတင့်ကောင်းမွန်သောအပိုင်း ၆ မိုင် ၄ ဖာလုံ၊ ပျက်စီးမှုများပြားသောအပိုင်း ၃၄ မိုင် ၆ ဖာလုံဖြစ်ပါကြောင်း။

အဆိုပါလမ်းကို ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း လေးဖာလုံနှင့် ပျက်စီးနေသောအမာခံလမ်းကို ပြုပြင်ခြင်း ၁ မိုင် ၁ ဖာလုံ ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ကတ္တရာလမ်းပေါက်နှင့် ကျောက်လမ်းပေါက်များ ပြုပြင်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်တွင် အမာခံလမ်းမှ ကတ္တရာလမ်းသစ်ခင်းခြင်း နှစ်မိုင် လျာထားသွားမည်ဖြစ်ပြီး နှစ်လတ်မူဘောင် သုံးနှစ်စီမံကိန်းတွင်လည်း အမာခံလမ်းမှ ကတ္တရာလမ်းခင်းခြင်း ၆ မိုင် ၂ ဖာလုံ ဆောင်ရွက်ရန် စီမံကိန်းရေးဆွဲထားပါကြောင်း ပြန်လည်ဖြေကြားသည်။

မကွေးမဲဆန္ဒနယ်မှ ဦးစိုးတင့်နိုင်၏ **မကွေးမြို့နယ် ဂဲကြီးကုန်း၊ ယင်းကွေ့ချောင်း၊ လက်ပံတိုကျေးရွာတို့၏ ကျေးရွာချင်းဆက်လမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မကွေး–တောင်တွင်းကြီးလမ်းမှ ဂဲကြီးကုန်း–ယင်းကွေ့ချောင်း–လက်ပံတိုလမ်းသည် ရန်ကုန်–ပြည်–မန္တလေးလမ်းမှခွဲထွက်ပြီး ဂဲကြီးကုန်းကျေးရွာ၊ လက်ပံတိုကျေးရွာ၊ ယင်းကွေ့ချောင်းကျေးရွာတို့ကို ဆက်သွယ်ထားသော လမ်းအရှည် ၉ မိုင် ၇ ဖာလုံရှိသော မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသည့် လမ်းဖြစ်ပါကြောင်း၊ လက်ရှိလမ်း၏အခြေအနေမှာ အမာခံလမ်း ၉ မိုင် ၇ ဖာလုံ ဖြစ်ပါကြောင်း။

အဆိုပါလမ်းကို ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်တွင် ရာသီမရွေးသွားလာနိုင်သော ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်နိုင်ရန် လမ်းအရှည် ၁ မိုင် ၄ ဖာလုံကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိသော အမာခံလမ်းပိုင်းကိုလည်း တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေတွင် နှစ်အလိုက်လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလေးမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း၏ **ကလေး–ဂန့်ဂေါလမ်းရှိ ကမ္မားနီသံကူကွန်ကရစ်တံတားဆောက်လက်စကို ရပ်နားထားခဲ့သဖြင့် မည်သည့်ဘဏ္ဍာနှစ်တွင် ပြန်လည်တည်ဆောက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စစ်ကိုင်းတိုင်းဒေသကြီး ဂန့်ဂေါ–ကလေးလမ်း မိုင်တိုင် ၅၁ မိုင် ၄ ဖာလုံနှင့် ၅၁ မိုင် ၆ ဖာလုံကြားရှိ ကမ္မားနီတံတားကို ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁–၂၀၂၂ ခြောက်လဘဏ္ဍာနှစ်တွင် လုပ်ငန်းရပ်ဆိုင်းခဲ့ပါကြောင်း၊ ကမ္မားနီတံတားအသစ်၏ လုပ်ငန်းရပ်နားသည့်အချိန်တွင် တံတား တစ်စင်းလုံးပြီးစီးမှုမှာ ၇၀ ရာခိုင်နှုန်းဖြစ်ပါကြောင်း။

တံတားတည်ဆောက်ခြင်းလုပ်ငန်း၏ အောက်ခြေအုတ်မြစ်လုပ်ငန်းနှင့် ကိုယ်ထည်လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ တံတားအပေါ်ထည်လုပ်ငန်းဖြစ်သည့် ကြိုတင်အားဖြည့်သံကူကွန်ကရစ်ရက်မ ငါးလုံး ထုတ်လုပ်ပြီးစီးပြီး ပေ ၃၀ သံကူကွန်ကရစ်ကြမ်းခင်း တစ်ခန်း ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ပါကြောင်း၊ ကမ္မားနီတံတား ကျန်ရှိသောတည်ဆောက်ရေးလုပ်ငန်းများကို လတ်တလောပြန်လည်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာသော **"အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် **"တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း"**တို့နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို အောက်တိုဘာ ၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

စာမျက်နှာ ၉ မှအဆက်

တွင်းတိမ်များ၊ လက်တူးတွင်းများမှာ နွေရာသီ ရေပြတ်လပ်ခြင်း မရှိနိုင်ပါသဖြင့် ဒေသခံများအနေဖြင့် နှစ်စဉ်ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်သင့်ပါကြောင်း၊ ရေကန်ဧရိယာအတွင်းရှိနေသည့် ချုံနွယ်နှင့် အမှိုက်သရိုက်များ ဖယ်ရှားနိုင်ရေးအတွက် ကျေးရွာလူထုသို့ အသိပညာပေးဆွေးနွေးကာ ရှင်းလင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါရေကန်ကို ပြုပြင်ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ်သန်း ၂၀ ခန့်ရှိမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေဖြင့် လျာထားတင်ပြထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် နန်းခုံကျေးရွာအုပ်စုမှ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြည်ညောင်ကျေးရွာအုပ်စု ကျွဲဒပ်ကျေးရွာ ကျောက်ချုပ်ကျေးရွာအုပ်စုထိ ကုန်စည်စီးဆင်းမှုများ မြန်ဆန်ချောမွေ့စေပြီး အများပြည်သူအကျိုးရှိစေမည့်အကွာအဝေး ၁၃ မိုင် ၂ ဖာလုံခန့်ရှိသော ကုန်စည်ပို့ဆောင်ရေးလမ်းမကြီးဖောက်လုပ်ပေးရန် အစီအစဉ်ရှိ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်မှ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်သို့ ဆက်သွယ်သောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပိုင်လမ်းပိုင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းပိုင်း နှစ်ခုပါဝင်ပါကြောင်း။

ရွာငံမြို့နယ် ပဲရင်းတောင် - နန်းခုံ မြေသားလမ်း ၁ မိုင် ၄ ဖာလုံအပိုင်းမှ ပျက်စီးလျက်ရှိသော လေးဖာလုံကို သွားလာမှုအဆင်ပြေစေရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် စတင်ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း၊ သာစည်မြို့နယ်အပိုင်းမှ ပျက်စီးလျက်ရှိသော မြေသားလမ်း ၅ မိုင် ၅ ဖာလုံသည် ပျမ်းမျှအကျယ် ရှစ်ပေခန့်သာရှိသောလမ်းဖြစ်ပါကြောင်း၊ နယ်မြေကွင်းဆင်းဆောင်ရွက်ပြီးမှသာ တိုင်းဒေသကြီးရန်ပုံငွေ လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သာစည်မြို့နယ်လမ်းပိုင်းဖြစ်သည့် လည်ခေါင်း - ကြပ်စခန်း လမ်းပိုင်း ၃ မိုင် ၁ ဖာလုံသည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသော မြေသားလမ်းဖြစ်ပါကြောင်း၊ မိတ္ထီလာ - သာစည် - တောင်ကြီးလမ်းနှင့် ကျေးရွာများသို့ တိုက်ရိုက်ချိတ်ဆက်သောလမ်းဖြစ်ပါကြောင်း၊ ကုန်စည်သယ်ယူပို့ဆောင်ရေးလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ခြင်းအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသော မြေသားလမ်းပိုင်းမှ နှစ်ဖာလုံကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးစောသွင်၏ **မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ရှိ လက်ခုတ်ပင်၊ ပင်လယ်သက်၊ စကာ၊ ခံကုန်း၊ ပန်းလွှား၊ တောပုတ်ကုန်း၊ ဘုမ္မနိုးကျေးရွာတို့ရှိ လမ်းအရှည် ၈၀၆၂ ပေရှိပြီး အကျယ် ၁၂ ပေရှိသော ကုန်ထုတ်လမ်းကို ကွန်ကရစ်လမ်းအဖြစ် ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက လက်ခုတ်ပင်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရန်အတွက် လက်ရှိလမ်းအကျယ် ၁၂ ပေခန့်သာရှိပါကြောင်း၊ လိုအပ်သောလမ်းအကျယ်ပေ ၃၀ ပြည့်မီစေရန်အတွက် မြေနေရာရရှိရေးကို ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကုန်ထုတ်လမ်းအဆင့်ကို မြေနီ၊ ကျောက်စရစ်၊ ဂျုံးဇာအဆင့်သာ ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ဌာနဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ရရှိသည့်အချိန်တွင် အကြိုအင်ဂျင်နီယာလုပ်ငန်းများကို ကွင်းဆင်းတိုင်းတာခြင်း၊ လမ်းဒီဇိုင်းပုံထုတ်ခြင်း၊ အသေးစိတ်ခန့်မှန်းခြေတွက်ချက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ မြေနေရာလှူဒါန်းမှု မရရှိသေးခြင်း၊ နယ်မြေကွင်းဆင်းစစ်ဆေးနိုင်မှု မရှိသေးခြင်းတို့ကြောင့် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးရဲရင့်စိုးညွန့်၏ **ရန်ကုန်တိုင်းဒေသကြီး ဖောင်ကြီးအရှေ့ကျေးရွာ ရွာလယ်လမ်းမနှင့် ဖောင်ကြီးအနောက်ကျေးရွာ ဈေးပိုင်းလမ်းမကြီးသို့ ဆက်သွယ်ထားသည့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားသော ငမိုးရိပ်ချောင်း လူကူးတံတားအစား နှစ်ဖက် မော်တော်ယာဉ်သွားလာနိုင်သော အဆင့်မြင့်ချောင်းကူးတံတားအသစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ မရှိ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာ ရွာလယ်လမ်းမနှင့် ဖောင်ကြီးအနောက်ကျေးရွာ ဈေးပိုင်းလမ်းမကြီးသို့ ဆက်သွယ်ထားသည့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ပြည်ထောင်စုက စီမံခန့်ခွဲသော Class-A အဆင့်လမ်းပေါ်တွင်တည်ရှိသည့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားသော ငမိုးရိပ်ချောင်း လူကူးတံတားဖြစ်ပါကြောင်း၊ အရှည် ၂၀၈ ပေ၊ အကျယ် ခုနစ်ပေ၊ အမြင့် ၁၈ ပေရှိသော ကွန်ကရစ်တိုင် သံဘောင်ရက်မ C Channel ကြမ်းခင်းတံတားဖြစ်ပါကြောင်း။

လှည်းကူး-ဖောင်ကြီးလမ်းမဆီသို့ဖောင်ကြီးအရှေ့ကျေးရွာ ကွန်ကရစ်လမ်းနှင့် ငမိုးရိပ်ဆည်သို့သွားသော ကတ္တရာလမ်းမှလည်းကောင်း၊ ဖောင်ကြီးအနောက်ကျေးရွာဈေးအဝင် ကွန်ကရစ်လမ်းမှလည်းကောင်း အဆင်ပြေလွယ်ကူစွာ အချိန်တိုတွင်း သွားလာနိုင်ပါကြောင်း၊ လက်ရှိအချိန်တွင် လူကူးတံတားမှာ ကောင်းမွန်ခိုင်ခံ့နေပြီး ဆက်သွယ်ရေးပြတ်တောက်မှု မရှိသေးသဖြင့် ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးရန် ဦးစားပေးအစီအစဉ်တွင် မပါဝင်သေးပါကြောင်းနှင့် ပြုပြင်ထိန်းသိမ်းရန်လိုအပ်ပါက ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်ကြူနိုင်၏ **တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာအုပ်စု ချောင်းဝကျေးရွာအဝင်လမ်းပေါ်တွင် တည်ရှိသည့် အရှည်ပေ ၁၂၀၊ အကျယ် ၁၄ ပေရှိ ယိုယွင်းပျက်စီးနေသော သစ်သားကြမ်းခင်းတံတားအစား ကြံ့ခိုင်မှုရှိသော သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာအုပ်စု ချောင်းဝကျေးရွာအဝင်လမ်းသည် တိုင်းဒေသကြီးက စီမံခန့်ခွဲသော ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် Class-B အဆင့်လမ်းဖြစ်ပါကြောင်း။

ကွင်းဆင်းစစ်ဆေးချက်အရ အရှည် ပေ ၁၂၀ ရှိသော သစ်သားကြမ်းခင်းတံတားဖြစ်ပါကြောင်း၊ ၂၀၀၄ ခုနှစ်တွင် INGO အဖွဲ့ဖြစ်သည့် World Vision က ကျေးရွာနှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့သော တံတားဖြစ်ပါကြောင်း၊ အဆိုပါ သစ်သားကြမ်းခင်းတံတားကို ကျေးရွာက ငါးကြိမ်ခန့် ပြင်ဆင်ထိန်းသိမ်းထားသဖြင့် ယခုအချိန်တွင် သွားလာ၍အဆင်ပြေလျက်ရှိသော်လည်း ခိုင်ခံ့မှု၊ စိတ်ချရမှု အားနည်းနေကြောင်း တွေ့ရှိရသည့်အတွက် အဆိုပါတံတားကို သံကူကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ပေးရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် အလျားပေ ၂၀၀ ရှိ "ထန်းတပင်ကြိုးတံတား" ကို ပိုမိုကြံ့ခိုင်ကျယ်ဝန်းပြီး ဘေးအန္တရာယ်ကင်းရှင်းသော ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးရန် သို့မဟုတ် ပြုပြင်မွမ်းမံပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ထန်းတပင်ကျေးရွာနှင့် ချောင်းတွင်းကျေးရွာကြား အင်းချောင်းကိုဖြတ်၍ တည်ဆောက်ထားသော တံတားဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ်ခန့်က ဆောင်ရွက်ခဲ့သော ကြိုးတံတားဖြစ်ပြီး ဒေသနှင့်ကိုက်ညီသော တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းကြိုတင်လေ့လာမှု ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လတ်တလောသွားလာမှုအဆင်ပြေစေရန်အတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အကျိုးပြုကျေးရွာ၊ စိုက်ဧကတို့အရ လိုအပ်လျက်ရှိသဖြင့် ဘေလီတံတားတည်ဆောက်ရန် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေတွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၃) ဦးခိုင်ဝင်းအောင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြပြီး အမျိုးသားလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဆဋ္ဌမနေ့ကို အောက်တိုဘာ ၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသား လွှတ်တော် ရုပ်သံဖိုင် ကြည့်ရန်

## မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) မိုးဦးရာသီသို့ ကျရောက်လာပြီဖြစ်၍ ကျွဲနွားများ ကာကွယ်ဆေးများကို ထိုးနှံကြရန်၊
(၂) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၃) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျပုံမှန်ဆောင်ရွက်ရန်၊
(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊
(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားသည်ဟု သံသယဖြစ်ဖွယ်တွေ့ရှိရပါက နီးစပ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆက်သွယ်ရန်၊
(၆) ရောဂါဖြစ်သော တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်းမပြုရန်၊
(၇) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျမြေမြှုပ်ဖျက်ဆီးရန်၊
(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များ၊ တိရစ္ဆာန်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးမှုများရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် ညဥ့်ဦးယံ ဒီပြန်တက်ပါလိမ့်ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနား ပြုလုပ်



**ရန်ကုန် အောက်တိုဘာ ၁**

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် ညဥ့်ဦးယံ ဒီပြန်တက်ပါလိမ့် ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို စက်တင်ဘာ ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်ကြီးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ညဥ့်ဦးယံ ဒီပြန်တက်ပါလိမ့် ဇာတ်လမ်းတွဲသည် စာရေးဆရာကြီး နှမ်ဂျာသိုင်း၏ တက္ကသိုလ်နောက်ခံ အချစ်ဝတ္ထုကို ဟေမာန်ဟိဏ်း၊ သက်ဇွန်၊ ဈာန် (Story Farm)တို့က ဇာတ်ညွှန်းရေးသားထားကြပြီး တွဲဖက်ဒါရိုက်တာ ငြိမ်းကိုသက်(ဇမ္ဗူထွန်း)၊ ဒါရိုက်တာ ဇမ္ဗူထွန်းသက်လွင်တို့က ရွှေနဒီရွှေရည်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးသွားမည့်ဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

"ကျွန်တော်ကတော့ ဆရာကြီး နှမ်ဂျာသိုင်းရဲ့ ဇာတ်တွေနဲ့ ဝတ္ထုကို ပြန်လည်ပုံဖော်ချင်တာမို့ ဆရာကြီးရှိစဉ်က ပြောဖြစ်ဆိုဖြစ်တာတွေရှိခဲ့ပါတယ်။ ကျွန်တော့် ဝတ္ထုတွေကို ဦးသက်လွင်ဆို ရိုက်ပါ၊ အများကြီးရိုက်ပါလို့ ဆရာကြီး နှမ်ဂျာသိုင်းက ပြောခဲ့ပါတယ်။ ဒီညဥ့်ဦးယံ ဒီပြန်တက်ပါလိမ့်ကို ဝတ္ထုဖတ်ဖူးတဲ့ ပရိသတ်တော့သိမှာပါ။ ဘာလို့ဆို ကျောင်းဆရာနဲ့ ကျောင်းသူ ဇာတ်ဖြစ်ပါတယ်"ဟု ဒါရိုက်တာ ဇမ္ဗူထွန်းသက်လွင်က ပြောပြသည်။

ညဥ့်ဦးယံ ဒီပြန်တက်ပါလိမ့် ဇာတ်လမ်းတွဲတွင် အပိုင်း ၃၀ ပါဝင်မည်ဖြစ်ပြီး သရုပ်ဆောင် ကျော်ထက်ဇော်၊ အောင်ပိုင်၊ ဘုန်းလျှံ၊ ယမင်းမေဦး၊ ခိုင်သခင်ငုဝါ၊မေသန်းနု၊ လှမျိုးသဥ္ဇာနွယ်နှင့် အခြားအနုပညာရှင်များ ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# ဖရက်အက်စတိုင်းယား၏အတ္ထုပ္ပတ္တိဇာတ်ကား၌ မာဂရက်ကွယ်လေ၊ ဆာဘရီနာကာပင်တာတို့ ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၁**

အမေရိကန် အကပညာရှင် ဖရက်အက်စတိုင်းယား၏ အတ္ထုပ္ပတ္တိ ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး မာဂရက်ကွယ်လေနှင့် ဆာဘရီနာကာပင်တာတို့ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း စက်တင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားသစ်တွင် မာဂရက်ကွယ်လေ၊ ဆာဘရီနာကာပင်တာတို့သည် မင်းသား တွမ်ဟော်လန်းနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိတွင် အထက်ပါရုပ်ရှင်ဇာတ်ကားသစ်၏ တရားဝင်ဇာတ်ကားနာမည်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား တွမ်ဟော်လန်းက အဓိကဇာတ်ကောင် ဖရက်အက်စတိုင်းယားအဖြစ် သရုပ်ဆောင်မည်ဖြစ်ပြီး ဖရက်အက်စတိုင်းယား၏ အတ္ထုပ္ပတ္တိဇာတ်ကားကို ဒါရိုက်တာ ပေါကင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဇာတ်ညွှန်းကို စာရေးဆရာမ ကတ်သလင်းရိုင်လေ၏ The Astaires: Fred and Adele ဝတ္ထုကို အခြေခံ၍ ဒါရိုက်တာ ပေါကင်းကပင် ရေးသားပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# တေးသံရှင် မျိုးကြီး၊ ဝိုင်ဝိုင်းတို့၏ တေးဂီတဖျော်ဖြေပွဲကို မြောက်ဥက္ကလာပမြို့နယ်ရှိ The Transporter Bar တွင် ပြုလုပ်မည်

**ရန်ကုန် အောက်တိုဘာ ၁**

တေးသံရှင် မျိုးကြီး၊ ဝိုင်ဝိုင်းတို့၏တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ The Transporter Bar တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် မျိုးကြီးထံမှ သိရသည်။

အဆိုပါ တေးသံရှင် မျိုးကြီး၊ ဝိုင်ဝိုင်းတို့၏ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များနှင့်အတူ The Transporter Bar၏ ပင်တိုင်အဆိုတော်များကလည်း အားဖြည့်သီဆို ဖျော်ဖြေကြမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို နာမည်ကျော် Iron Cross Music Band တေးဂီတအဖွဲ့က အကောင်းဆုံးတီးခတ် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အောက်တိုဘာ ၄ ရက်မှာ Iron Cross Music Band နဲ့အတူ ဖျော်ဖြေပေးသွားမှာ ဖြစ်ပါတယ်။ The Transporter Bar ရဲ့ ပင်တိုင်အဆိုတော်တွေကလဲ အင်ပြည့်အားပြည့် ပါဝင်ဖျော်ဖြေတင်ဆက်ကြမှာပါ။ IC ရဲ့ ဂီတမှူးချစ်စမ်းမောင်ရဲ့လက်စွမ်းပြဂီတာတီးခတ်ဖျော်ဖြေမှုနဲ့အတူ အမိုက်စားဖျော်ဖြေမှုတွေကို Transporter Bar မှာခံစားနိုင်တာမို့ အောက်တိုဘာ ၄ ရက်မှာဆုံကြပါစို့"ဟု တေးသံရှင် မျိုးကြီးက ပြောပြသည်။




အဆိုပါ တေးသံရှင် မျိုးကြီး၊ ဝိုင်ဝိုင်းတို့၏ တေးဂီတဖျော်ဖြေပွဲတွင် DJ Artists များ၏ ဖျော်ဖြေမှုများနှင့်အတူ နာမည်ကျော် Dancers များကလည်း ကကွက်စုံလင်စွာဖြင့် အားဖြည့်ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Helo အက်ရှင်ဇာတ်ကားကို ဒါရိုက်တာ အန်းဒရက်ဘိုက် ရိုက်ကူးမည်

**နယူးယောက် အောက်တိုဘာ ၁**

Netflix ရုပ်ရှင်ကုမ္ပဏီ၏ Helo အမည်ရှိ လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားကို ဒါရိုက်တာ အန်းဒရက်ဘိုက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း စက်တင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

ဒါရိုက်တာ အန်းဒရက်ဘိုက်သည် Narcos နှင့် Griselda စသည့် နာမည်ကျော် ရုပ်သံဇာတ်လမ်းတွဲများကို ရိုက်ကူးပေးခဲ့သော ဒါရိုက်တာဖြစ်သည်။

လက်ရှိတွင် Helo ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို Netflix ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်သည်။

Helo ဇာတ်ကားအတွက် ထုတ်လုပ်သူအဖြစ် ဒါရိုက်တာ အက်ဒွပ်ဘာဂျာက တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Helo ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို Netflix ကုမ္ပဏီက ရွေးချယ်နေဆဲဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# မြန်မာ့ရုပ်ရှင်နေ့နှင့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် သရုပ်ဆောင် ဆောင်းယွန်းစံက အလှူငွေကျပ် ၁၀ သိန်း လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁**

ယခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အနုပညာလောကသားများက အလှူငွေများကို ပါဝင်လှူဒါန်းလျက်ရှိရာ သရုပ်ဆောင် ဆောင်းယွန်းစံက အလှူငွေကျပ် ၁၀ သိန်းကို စက်တင်ဘာ ၃၀ ရက်က လာရောက်လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ပြောပြ၍ သိရသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင်ကျင်းပမည့် ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားနှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ယခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံကြီးတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ရုပ်ရှင်သက်ကြီး ပူဇော်ကန်တော့ပွဲကတော့ နှစ်စဉ် အစဉ်အလာမပျက် မြန်မာ့ရုပ်ရှင်နေ့မှာပဲ ကျင်းပပါတယ်။ အောက်တိုဘာ ၁၃ ရက်မှာ အစဉ်အလာအတိုင်း ကျင်းပမှာမို့ အနုပညာရှင်၊ အတတ်ပညာရှင်တွေက အလှူငွေတွေ ပါဝင်လှူဒါန်းနေကြပါတယ်။ စက်တင်ဘာ ၃၀ ရက်က သရုပ်ဆောင် ဆောင်းယွန်းစံက အလှူငွေကျပ် ၁၀ သိန်း လာရောက်လှူဒါန်းခဲ့ပါတယ်။ ဒီနှစ်မှာတော့ ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဝဇီရာကဇာတ်ရုံကြီးမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ အရင်နှစ်တွေမှာတော့ ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံးက ရွှေရတုခန်းမမှာ ကျင်းပခဲ့ပါတယ်။ နေရာအခက်အခဲကြောင့် သက်ကြီး ရုပ်ရှင်မိဘတွေအားလုံးကို မဖိတ်ကြားနိုင်ပါဘူး။ ဒီနှစ်မှာတော့ ကျန်းမာရေးအရ မတက်ရောက်နိုင်သူတွေကလွဲရင် တက်ရောက်နိုင်သူအားလုံးကို ဖိတ်ကြားမှာဖြစ်ပါတယ်"ဟု ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ပြောပြ၍ သိရသည်။

ASH

# 62nd Anniversary of Myanmar Police Force Day observed, addressed by President of the Republic of the Union of Myanmar U Min Aung Hlaing



**President U Min Aung Hlaing addresses the ceremony to mark the 62nd Anniversary of Myanmar Police Force Day.**

**Nay Pyi Taw October 1**

The 62nd Anniversary of the Myanmar Police Force Day was observed at MICC-1 in Nay Pyi Taw this morning, addressed by President of the Republic of the Union of Myanmar U Min Aung Hlaing.

Also present on the occasion were Vice President U Nyo Saw, Union Chief Justice U Tha Htay, Commander-in-Chief of Defence Services General Ye Win Oo, union level dignitaries and union ministers, the Nay Pyi Taw Council chairman, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, diplomats, invited guests from international organizations, the MPF director general and members, retired senior police officers, artists and guests.

The President and attendees saluted the Flag of the Republic of the Union of Myanmar and observed a one-minute silence in honour of the MPF members who lost their lives while safeguarding community peace and enforcing the rule of law.

In his address, President U Min Aung Hlaing said the MPF Day was observed in recognition of the historic achievements of MPF and its services for the people. At this ceremony, future works and duties are to be reviewed and set.

The government in office is continuously implementing the aims: to strengthen a genuine and disciplined multiparty democracy and to build a Union based on federalism. It is cooperating with neighbours, regional countries, partners in political, economic and social sectors and is strengthening its international relations in accord with the Five Principles of Peaceful Coexistence. In conducting international cooperation special attention must be paid to collectively combat transnational crime.



**President U Min Aung Hlaing observes a commemorative exhibition booth.**

Today, cybercrime, online scams, human trafficking, and cross-border crime have become more sophisticated, alongside technological advancement. High-level technological skill, crime data collection and analysis and strong internal and external cooperation have become a constant requirement in preventing the said sophisticated crime in time.

International cooperation has become more important as transnational crimes Myanmar is facing together with the regional counterparts are the challenges no single country can overcome alone. MPF has become a member of INTERPOL since 1954, and it joined the ASEANPOL in 1998. It is now combating transnational crimes in cooperation with other countries.

As online scams and gambling have become a global problem, the government has adopted a zero-tolerance policy to crush the crime. The government is prioritizing public awareness campaigns on online scam methods and their dangers, while handing down severe sentences to criminals, as online gambling threatens the public's socioeconomic well-being. It reformed the Central Supervisory Committee for Combating Telecom Fraud and Online Gambling in 2026 to totally root out the crime and enacted the Anti-Online Scam Law on 31 July 2026.

In uncovering and taking action against locations where individuals who had illegally entered Myanmar were engaged in online scam and online gambling activities, a total of 76,486 people were arrested from 5 October 2023 to 29 September 2026, of whom 73,258 were deported and transferred to their respective countries in accordance with established procedures.

Furthermore, the Myanmar Police Force, in cooperation with the Tatmadaw, has been taking action since 22 October 2025 against online gambling and related activities in KK Park. By 9 January 2026, a total of 635 buildings, including residential buildings associated with online scam operations, had been completely demolished and cleared through controlled blasting. Subsequently, 77 buildings in Shwe Kokko Myaing Village were also completely demolished and cleared. So, the President commended this as a significant achievement by the Myanmar Police Force.



**President U Min Aung Hlaing presents a medal to a recipient.**

**Prevention of narcotic drugs and incineration**

The government regards combatting drugs as a national responsibility and has been continuously and vigorously implementing measures to prevent, suppress and combat drug production and illicit trafficking. A total of 41 special operations have been conducted, and the President instructed all concerned to ensure the successful implementation of "Operation 42", the drug prevention and suppression plan being carried out from 1 April to 31 December 2026.

Myanmar needs to further strengthen close cooperation with organizations such as the International Narcotics Control Board (INCB), the United Nations Office on Drugs and Crime (UNODC), and the US Drug Enforcement Administration (DEA), as well as with the drug prevention, suppression and control agencies of neighbouring countries.

On the International Day Against Drug Abuse and Illicit Trafficking, observed on 26 June 2026, seized narcotic drugs and related items worth more than K2,209 billion (over US$603 million)

*See Page 13*

# Commemorative dinner marks 62nd Myanmar Police Force Day



**President U Min Aung Hlaing and wife Daw Kyu Kyu Hla present cash awards to performers.**

**Nay Pyi Taw October 1**

A commemorative dinner marking the 62nd Myanmar Police Force Day was held this evening at the Myanmar International Convention Centre-1 (MICC-1) in Nay Pyi Taw, attended by President of the Republic of the Union of Myanmar U Min Aung Hlaing.

Also present at the dinner were the President's wife Daw Kyu Kyu Hla; Vice-President U Nyo Saw and his wife; Pyithu Hluttaw Speaker U Khin Yi and his wife; Amyotha Hluttaw Speaker U Aung Lin Dwe and his wife; Commander-in-Chief of Defence Services General Ye Win Oo and his wife; Union ministers, Union-level dignitaries and their wives; the Nay Pyi Taw Council Chairman; senior military officers from the Office of the Commander-in-Chief of Defence Services and their wives; deputy ministers; members of the diplomatic corps; heads of departments; the Chief of the Myanmar Police Force, police personnel, retired senior police officers, artistes, and other officials.

Upon arrival, the President, his wife, and guests were warmly welcomed by responsible officials.

Following the reception, the President, his wife, and the attendees had dinner together.

Before and during the dinner, musical and dance performances were presented by members of the MPF's Police Band and Entertainment Branch, artistes from the Fire Services Department, the Fine Arts Department under the Ministry of Culture, Hotels and Tourism, the Myawady Music Troupe under the Directorate of Public Relations and Psychological Warfare, and prominent national artistes.

After the dinner, the President and his wife presented a floral basket and cash awards to the MPF's Police Band and Entertainment Branch in honour of their performance, and cordially greeted the attendees. MNA

---

*From Page 12*

were successfully destroyed by incineration in Yangon, Mandalay and Taunggyi. This was also an effective achievement in the fight against drugs.

Myanmar has been undertaking efforts to combat human trafficking as a national responsibility since 1997. The current Fourth Five-Year Plan (2022-2026) is being implemented through established strategies, tactics and four key areas of work. Myanmar is also cooperating with INTERPOL and ASEANAPOL and participating in projects aimed at preventing and combating human trafficking.

Furthermore, the National Strategy for Combatting Money Laundering and the Financing of Terrorism (2024-2028) was approved by the Union Government and promulgated on 21 October 2024. Myanmar has also signed Memoranda of Understanding (MoUs) with 14 countries, enabling cooperation in information sharing and in taking action in accordance with relevant laws and rules.

Public trust, confidence and cooperation are essential for the successful performance of police duties. It is necessary to understand the needs of the public and address their complaints and requests for assistance promptly, properly and responsibly. In addition, police members should respect and comply with laws, procedures and fundamental human rights principles, and continue to strengthen community-oriented policing to further build public trust and confidence.

It is necessary to systematically enhance the education, skills, work experience and discipline of police personnel so that they can effectively perform their duties. As crime patterns are changing alongside advances in technology, it is essential to effectively utilize digital policing, police technology, forensic science and modern investigative techniques. Crime-related information must also be systematically collected, stored and analyzed to strengthen evidence-based investigations.

The government always places great importance on and recognizes the sacrifices and dedicated service of police personnel. On this occasion, he expressed his pride, respect and appreciation for the courage and efforts of police personnel who faithfully performed duties in their respective fields and sacrificed their lives and limbs in the line of duty. He expressed he paied tribute to the efforts and sacrifices of those police personnel who are currently performing their duties with discipline, courage and a strong sense of responsibility. The President informed that a total of 4,940 police personnel were awarded medals for gallantry and medals for outstanding service from November 2025 to August 2026.

Moreover, on behalf of the people, I would like to thank families of members of the police for their understanding and support for performances romance of duties by the police. On the part of members of the police, they should always be well aware that duties performed by them are important one for security and stability of the country and the people and the rule of law. Therefore, they are urged to continue to perform their duties properly and accountably in accordance with the law. In doing so, all ranks and files of members are also urged to carry out their assigned duties responsibly and relentlessly under the systematic command out of the spirit of family and unity, to build the MPF for its multi-faceted development in accordance with its motto of being patriotic, capable and modern. In doing so, each personnel is urged to continuously enhance their capabilities and qualifications to meet standards as they are provided with modern electronic communication and security weapons and equipment in accordance with the requirements of the times and to place emphasis on being a police force that is free from bias and can be relied upon by the people and the country by consistently nurturing themselves to be members of the capable and disciplined police that is loved by the people in performing their duties and to exert efforts to achieve success in upholding "Our Tree Main National Causes and four objectives and six tasks of the MPF.

In conclusion, the President wished the MPF health and peace of body and mind, success in performing duties and further development of the MPF into a trustworthy and modern police force by enhancing disciplines, prestige and capabilities starting from the occasion of the MPF day.

Then, the President presented Ye Thuya medals of the MPF to winners including officiating police colonel Kyaw Thu, police caption Myint Zaw and police colonel Yan Naing Tun and a Ye Bala medal to police sergeant Thant Sin Oo. The medals were accepted by the personnel and their family members.

Afterward, Vice President U Nyo Saw presented honorary medals for bravery to three winners and Commander-in-Chief of Defence Services General Ye Win Oo presented honorary medals for bravery to two winners and an honorary medal for performance to a winner. The union minister for Home Affairs presented honorary medals for performance to three winners.

Then, a documentary video clip commemorating the 62nd MPF day was screened.

Afterward, the President and attendees posed for documentary photographs.

Then, the President and attendees observed documentary photographs of regional and state police forces and exhibition booths of police forces commemorating the 62nd MPF day. MNA

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# War ships of Tatmadaw in accordance with the guidance of the Head of State repatriate Myanmar nationals facing difficulties returning to Myanmar, who had been detained in immigration detention centres in Malaysia after serving sentences for illegal residence and other immigration-related offences



Team leader and party welcome and accept Myanmar nationals who returned from Malaysia.



Conducting body checks on returnee passengers using a Walk-Through Check Gate aboard the Naval Vessel Mottama.



Providing medical check-ups for returnee passengers.



Screening films to returnee passengers.



Returnee passengers playing games for recreation and relaxation.

**Nay Pyi Taw October 1**

A total of 1,476 verified Myanmar nationals who had been detained at immigration detention centres in Malaysia after serving sentences for illegal residence and other immigration-related violations, and who were facing difficulties returning to Myanmar, were repatriated to Myanmar under the guidance of the Head of State. To bring them back to Myanmar, Navy vessels of Tatmadaw (Navy) comprising war vessels Mottama and Sinbyushin, together with the ocean-going hospital ship Thanlwin, departed Yangon on 24 September under the leadership of officials from Tatmadaw (Navy) and proceeded to Malaysia. The vessels arrived at Lumut Port, Malaysia, on the morning of 28 September. The 1,476 Myanmar nationals who had completed their sentences were systematically accepted by officials of the Myanmar Embassy in Malaysia and the office of the Military Attaché (Army, Navy and Air) from the relevant officials of the Malaysian Immigration Department. Following the handover, the vessels departed Lumut Port, Malaysia, on the evening of 29 September for Yangon, according to an official announcement.

Those Myanmar nationals were warmly welcomed back by the responsible officials. While on board the naval vessels, they have been systematically accommodated and provided with necessary healthcare services and daily meals. For recreation, they have been given opportunities to play games of their choice and watch films and videos, as well as participate in group physical fitness exercises. Tatmadaw members serving aboard the naval vessels and representatives from the relevant ministries are also providing them with necessary clothing and personal-use items.

At a time when the naval vessels entered Myanmar's territorial waters this morning, the Myanmar nationals on board, who had been away from their homeland for a considerable period, expressed their joy by applauding and showing their happiness upon hearing the message that the Head of State and Tatmadaw leaders warmly welcomed them back as their own family members. It was also learned that the returnee Myanmar nationals expressed their heartfelt gratitude to the Head of State for making extensive arrangements for their repatriation and to all officials who have been providing comprehensive assistance with great goodwill and compassion.

The naval vessels are expected to arrive in Yangon, Myanmar, within the next few days. To enable the returnees to reunite with their parents, relatives and families as soon as possible, the relevant Region/State government authorities and family members will be on standby at the port, and arrangements have been made to transport them to their respective homes. It is also reported that continued assistance will be provided to enable them to live peacefully with their families in their own country and to address any further needs they may have.

The voices of those who were repatriated from Malaysia were also heard as follows:

Interview-1

I worked there. It has been a long time—I arrived there since 1999. Due to various issues and troubles, I ended up getting arrested and returned home. Many of our fellow compatriots are still left behind in prisons and detention centres over there. Please do your best to help bring them home. It has been so long since they were separated from their motherland, and so many people are suffering emotionally. Because we did not know the languages neither English nor Chinese, we faced all kinds of hardships. Only when you go to someone else's country, only when you can speak their language and take the time to learn their culture will the people of Malaysia truly warm up to you. Just like how we would expect people coming to our country to learn our language, when you are in another country, please learn to adapt and live in harmony with their culture. That is what I would like to urge everyone to do. We were arrested and kept at the camps and handed over to the Myanmar Embassy. The Myanmar Embassy then arranged for us to be brought back to Myanmar.

*See Page 15*



A returnee gives an interview.



A returnee gives an interview.



A returnee gives an interview.

*From Page 14*

Even if we reported something here, we could still be arrested. Whether it was true or not, in this country, there are permits that are valid for one year and permits that are valid for three years. We are allowed to stay only after renewing those permits. Since we had not paid taxes in their country, we were arrested under Malaysia's immigration laws. We are happy to be able to return like this. We want to see our families, as well as our children, spouses, brothers and sisters, and grandparents whom we have been separated from. We know that the Head of State has helped us in this way and that this effort involved not just one person but thousands of people, with spending millions of kyats. We can feel and understand how much effort has been made to help us and what has been done for us. We are grateful to everyone. We would like to thank the State leaders, the immigration authorities, the Navy, the engineering units, and everyone else involved.

Interview 2

I initially traveled from Ramree to Yangon. From Yangon, I proceeded through Maw Daung before eventually making my way to Malaysia. I encountered numerous hardships along the journey. However, upon arriving in Malaysia, I struggled to secure stable employment, moving between various odd jobs. Employers were frequently abusive, which compounded my difficulties. Coming from an impoverished background, the obstacles we faced were particularly severe. Driven by poverty, I ultimately decided to migrate to Malaysia. I am relieved and grateful to finally be returning home to Myanmar. Those who remain trapped in the detention centers continue to face dire conditions. It is heartbreaking to report that as many Myanmar nationals leave, those left behind are increasingly subjected to physical assault and maltreatment. I express my sincere gratitude to everyone involved, particularly the rescue and repatriation team.

Interview 3

"I have been in Malaysia for about three years. I entered through illegal channels, crossing from Kawthaung into Malaysia. Once I arrived, I worked at an auto repair shop, but things did not go smoothly with my job. Since I didn't have documentation, immigration authorities were arresting many people, and I ended up spending about six months in an immigration detention center. Later, when officials from our Myanmar government came to retrieve us, I joined them. Living and eating inside the center was deeply distressing and exhausting. When the embassy told us we would be returning, we were so happy for about a month. Not knowing for certain whether we would actually get to go back, we were still filled with joy. On the night before our departure, I couldn't sleep at all because I was finally going back to Myanmar. Living outside was fine, but once inside the detention center, the living conditions and food were terrible, and I deeply regretted ever leaving home. After leaving Malaysia, when we reached the port and saw the Myanmar flag, tears welled up in my eyes. The joy was beyond words. This morning, when the senior officers announced that we had entered Myanmar territorial waters, it felt just like arriving back at our own homes; some people even cried. We were overjoyed knowing we were back home. The officials made sure everything on board was comfortable for us. I would like to express my heartfelt gratitude to the Myanmar government, the officials from various regional governments who came to retrieve us, and all the officers on board this ship."

100

# Pwintbyu Township completes harvesting 420 acres of chilli

**Pwintbyu October 1**

According to the township Agriculture Department, local farmers have harvested 420 acres of chilli as monsoon crops in Pwintbyu Township of Magway Region.

In Pwintbyu Township, 561 acres of fresh chilli were planted during this year's monsoon crop season. Harvesting of the chilli plantations began in the first week of September, and 420 acres have been harvested to date, it is reported.

"During this year's monsoon crop season, 561 acres of chilli were planted in Pwintbyu Township. Harvesting of the cultivated chilli plantations is currently underway, and about 420 acres have been harvested to date. The yield is 725 viss per acre. Field visits were conducted to provide farmers with agricultural knowledge on chilli cultivation, including how to achieve good yields, produce safe and healthy chilli crops, and harvest the crops on time," said Daw Moe Moe Wai, Township Agriculture Department Head of Pwintbyu Township.

During this year's monsoon crop season in Pwintbyu Township, the Agriculture Department conducted field-level awareness activities for local farmers on Good Agricultural Practices (GAP), the systematic use of fertilizers and agricultural inputs, pest and disease prevention, and timely harvesting methods, with the aim of ensuring food safety for consumers and obtaining good-quality crop yields. As a result, chilli plantations have performed successfully, with yields reportedly better than those of the previous year.

Daw Moe Moe Wai said that efforts should be made to expand chilli cultivation, as increasing chilli yields would not only meet local consumption needs but also allow surplus production to be sold, thereby contributing to improvements in local livelihoods and socioeconomic conditions.

Ye Win Naing (NyaungU)

# Sagaing Township to plant more than 2,000 acres of green gram in coming winter

**Sagaing October 1**

Statistics of Sagaing Township Agriculture Department stated that local farmers will cultivate more than 2,000 acres of green gram as cold season crops in Sagaing Township of Sagaing Region this year.

During the 2026-2027 winter crop cultivation season, a total of 2,528 acres of green gram are targeted for cultivation in Sagaing Township. The green gram will be planted from October through December this year, according to the Township Agriculture Department.

"This year, more than 2,000 acres of green gram are targeted for cultivation in Sagaing Township during the winter crop season. We will make efforts to ensure that the target acreage is fully planted. Green gram cultivation has been increasing year by year. Farmers will be provided with awareness and technical guidance on expanding green gram cultivation and using quality and pure seeds to achieve good yields," said U Myo Thant Aung, Township Agriculture Department Head of Sagaing Township.

This year, the Township Agriculture Department will provide green gram growers with guidance on obtaining quality and pure varieties suitable for local conditions, proper cultivation methods, pest and disease prevention, systematic use of fertilizers, and measures to achieve good yields.

During this year's winter crop cultivation season, the relevant authorities are also working together with farmers engaged in the cultivation of various pulses to provide quality and pure seeds, necessary agricultural inputs, and post-harvest technology, with the aim of improving pulse yields and quality.

206

# Yinmabin Township plans to grow more than 4,000 acres of vegetables this year

**Yinmabin October 1**

Based on data of the Yinmabin Township Agriculture Department, local farmers decided to grow more than 4,000 acres of vegetables in Yinmabin Township of Sagaing Region this year.

During the 2026-2027 winter crop cultivation season, 4,320 acres of vegetables are targeted for cultivation in Yinmabin Township, with planting scheduled from October through December this year, according to the Township Agriculture Department.

"During the upcoming winter crop cultivation season, more than 4,000 acres of vegetables are targeted for cultivation in Yinmabin Township. The crops include mustard greens, chilli, spices, potatoes, cabbage, eggplant and cauliflower. Farmers are being provided with technical assistance to cultivate all vegetables in accordance with Good Agricultural Practices (GAP). We will also provide technical guidance to ensure that all vegetables are grown in a health-conscious manner with minimal chemical residues," said U Hla Myint, Township Agriculture Department Head of Yinmabin Township.

This year, the Township Agriculture Department in Yinmabin Township will provide vegetable growers with technical training on GAP cultivation methods, guidance to ensure that vegetables produced from their plantations are safe and healthy for consumption, and assistance to encourage farmers to expand vegetable cultivation.

Farmers in Yinmabin Township cultivate various vegetables seasonally every year, and the crops have been thriving successfully and providing income for farming families. The Township Agriculture Department will also provide awareness training to prospective vegetable growers on proper cultivation methods, prevention of pest infestations, and the preparation and use of organic fertilizers, natural pesticides and pest repellents.

206






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြစဉ်။

ရှေ့ဖုံးမှအဆက်

ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအားအလေးပြုကြပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်းကျဆုံးခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များကို အမှတ်ရဂုဏ်ပြုသောအားဖြင့် တစ်မိနစ်ငြိမ်သက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်အခမ်းအနားသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သမိုင်းအစဉ်အလာနှင့် နိုင်ငံတော်နှင့်ပြည်သူများအတွက် ထမ်းဆောင်ခဲ့သည့်တာဝန်များကို ပြန်လည်အမှတ်ရဂုဏ်ပြုသည့်အခမ်းအနားဖြစ်သကဲ့သို့ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ပြန်လည်သုံးသပ်သတ်မှတ်ရမည့် အခါသမယလည်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဟူသည့် ရည်ရွယ်ချက်လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်နေပြီး နိုင်ငံတကာဆက်ဆံရေးကိုလည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်နှင့်အညီ ခိုင်မာအောင်တည်ဆောက်နေကြောင်း၊ ထိုသို့နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အားကောင်းအောင်ဆောင်ရွက်ရာတွင် နိုင်ငံဖြတ်ကျော်မှုခင်းများကိုလည်း အလေးထားပြီး ပူးပေါင်းကာကွယ်တားဆီး ဖြေရှင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

ယနေ့ခေတ်တွင် ဆက်သွယ်ရေးနည်းပညာများဖွံ့ဖြိုးလာသည်နှင့်အမျှ Cyber Crime၊ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးမှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ ပိုမိုရှုပ်ထွေးလာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ရှုပ်ထွေးမှုများကို ထိရောက်စွာကာကွယ်တားဆီးရန်နှင့် အချိန်မီတုံ့ပြန်နိုင်ရန်အတွက် နည်းပညာကျွမ်းကျင်မှုများမြှင့်တင်ခြင်း၊ မှုခင်းသတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် သုံးသပ်ခြင်း၊ ပြည်တွင်းပြည်ပ ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းစေခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း။

အထူးသဖြင့် ယနေ့ဒေသတွင်းနိုင်ငံများ နည်းတူ ကြုံတွေ့နေရသည့်နိုင်ငံဖြတ်ကျော်မှုခင်းများသည် နိုင်ငံတစ်ခုတည်းက ဖြေရှင်း၍ မရနိုင်သည့်စိန်ခေါ်မှုများဖြစ်လာသည့်အတွက် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုက ပိုမို၍အရေးကြီးလာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့(INTERPOL)ကို ၁၉၅၄ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ခဲ့သကဲ့သို့ ၁၉၉၈ ခုနှစ်တွင် အာဆီယံရဲအဖွဲ့(ASEANAPOL)ကို အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်ခဲ့ပြီး နိုင်ငံဖြတ်ကျော်မှုခင်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများသည် ကမ္ဘာလုံးဆိုင်ရာပြဿနာဖြစ်လာသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများကိုလုံးဝသည်းခံခွင့်လွှတ်၍မရသော ရာဇဝတ်မှုများအဖြစ် သတ်မှတ်၍ Zero Tolerance မူဝါဒဖြင့် နှိမ်နင်းလျက်ရှိကြောင်း၊ အွန်လိုင်းလောင်းကစားမှုများသည် ပြည်သူများ၏ လူမှုစီးပွားဘဝကိုထိခိုက်စေနိုင်ခြင်းကြောင့် အွန်လိုင်းလိမ်လည်မှုနည်းလမ်းများနှင့် အန္တရာယ်များကို ပြည်သူများသိရှိနားလည်စေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန်၊ ပြစ်မှုကျူးလွန်သူများကို ထိရောက်သည့် အရေးယူမှုများပြုလုပ်ကြရန် နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်နေကြောင်း၊ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကို အမြစ်ပြတ်နှိမ်နင်းရေးအတွက် **“အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ”**ကို ၂၀၂၆ ခုနှစ်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကို ၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက်တွင်ပြဋ္ဌာန်းခဲ့ကြောင်း။

**အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများသည် ကမ္ဘာလုံးဆိုင်ရာပြဿနာဖြစ်လာသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများကို လုံးဝသည်းခံခွင့်လွှတ်၍မရသော ရာဇဝတ်မှုများအဖြစ် သတ်မှတ်၍ Zero Tolerance မူဝါဒဖြင့် နှိမ်နင်းလျက်ရှိ . . .**



ဒုတိယသမ္မတ ဦးညိုစောစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ ရဲအုပ်ဟိန်းမင်းဇော်အား ဂုဏ်ထူးဆောင်ဆုပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ ရဲဒုတိယတပ်ကြပ်ကောင်းမင်းထက်အား ဂုဏ်ထူးဆောင်ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးကိုကိုဦး စွမ်းဆောင်မှုဆိုင်ရာဂုဏ်ပြုဆုတံဆိပ်ရရှိသူ ဒုတိယရဲမှူးကြီးမျိုးသန့်အား ဂုဏ်ထူးဆောင်ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရဲသူရတံဆိပ်ရရှိသူ ယာယီရဲမှူးကြီး ကျော်သူအား ဂုဏ်ထူးဆောင်ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရဲသူရတံဆိပ်ရရှိသူ ရဲမှူးကြီး ရန်နိုင်ထွန်းကိုယ်စား ဇနီး ဒေါ်ခင်စန်းဝင်းကို ဂုဏ်ထူးဆောင်ဆုပေးအပ်ချီးမြှင့်စဉ်။

မြန်မာနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်ပြီး အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုလုပ်ငန်းလုပ်ကိုင်သည့်နေရာများဖော်ထုတ်အရေးယူဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၉ ရက်ထိ ၇၆၄၈၆ ဦး ဖမ်းဆီးရမိခဲ့ပြီး ၇၃၂၅၈ ဦးကို သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တပ်မတော်နှင့်ပူးပေါင်းပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၂ ရက်ကစပြီး အွန်လိုင်းလောင်းကစားမှုဖြင့် ကျော်ကြားနေသည့် KK Park အတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် ဆက်စပ်သော လူနေအဆောက်အအုံများ အပါအဝင် အဆောက်အအုံစုစုပေါင်း ၆၃၅ လုံးကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ရာနှုန်းပြည့် မိုင်းခွဲဖြိုချဖျက်ဆီးရှင်းလင်းနိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီး ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်းတွင်ရှိသည့် အဆောက်အအုံ ၇၇ လုံးကိုလည်း ရာနှုန်းပြည့်ဖြိုချဖျက်ဆီးရှင်းလင်းပြီးဖြစ်ကြောင်း၊ ယင်းသည် ရဲတပ်ဖွဲ့အတွက် ကြီးမားသည့်လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်ကို ဂုဏ်ပြုပြောကြားလိုကြောင်း။

မိမိတို့အစိုးရအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ်ရှုမြင်ပြီး ထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှု တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးစစ်ဆင်ရေး ၄၁ ကြိမ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိဆောင်ရွက်နေသည့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးစီမံချက် "Operation 42" ကိုလည်း အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မြန်မာနိုင်ငံသည် နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(INCB)၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)၊ အမေရိကန်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့(DEA) စသည့်အဖွဲ့များ အပြင် အိမ်နီးချင်းနိုင်ငံများ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ထိန်းချုပ်ရေးအဖွဲ့များနှင့်လည်း အနီးကပ်ပူးပေါင်းဆောင်ရွက်သည်များကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

၂၀၂၆ ခုနှစ် ဇွန် ၂၆ ရက်တွင်ကျရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင် မြန်မာကျပ်ငွေ ၂၂၀၉ ဘီလီယံကျော်(အမေရိကန် ဒေါ်လာ ၆၀၃ သန်းကျော်)တန်ဖိုးရှိ ဖမ်းဆီးရမိမူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်မှာလည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ထိရောက်သည့်အောင်မြင်မှုတစ်ခုပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ၁၉၉၇ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုစတုတ္ထအကြိမ်မြောက် ငါးနှစ်စီမံကိန်း(၂၀၂၂-၂၀၂၆)ခုနှစ်သည်လည်း မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းကဏ္ဍ လေးရပ်တို့ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး INTER-POL၊ ASEANAPOL တို့နှင့်ပူးပေါင်းပြီး လူကုန်ကူးမှုများ တားဆီးနှိမ်နင်းရေးစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၄-၂၀၂၈)ကို ပြည်ထောင်စုအစိုးရအဖွဲ့ကသဘောတူပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံပေါင်း ၁၄ နိုင်ငံနှင့် နားလည်မှုစာချွန်လွှာ(MoU)များ လက်မှတ်ရေးထိုးပြီး သတင်းအချက်အလက်ဖလှယ်ခြင်းများနှင့် ဥပဒေ၊ နည်းဥပဒေများအရ အရေးယူခြင်းများကို ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

ရဲတပ်ဖွဲ့၏လုပ်ငန်းများ အောင်မြင်ရန် ပြည်သူများ၏ ယုံကြည်အားကိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရရှိရေးသည် အလွန်အရေးကြီးကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို နားလည်ပြီး တိုင်ကြားမှုနှင့် အကူအညီတောင်းခံမှုများကို မြန်ဆန်၊ မှန်ကန်၊ တာဝန်ယူမှုရှိစွာ ဖြေရှင်းပေးရန်လိုအပ်ကြောင်း၊ ထို့ပြင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လူ့အခွင့်အရေးအခြေခံမှုများကို လေးစားလိုက်နာ၍ ပြည်သူ့ယုံကြည်မှုပိုမိုခိုင်မာလာစေရန် ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ်ကို ဆက်လက်မြှင့်တင်ဆောင်ရွက်ရမည်လည်းဖြစ်ကြောင်း။

ရဲတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ထမ်းဆောင်နိုင်ရန် ပညာအရည်အချင်း၊ ကျွမ်းကျင်မှု၊ လုပ်ငန်းအတွေ့အကြုံနှင့်စည်းကမ်းတို့ကို စနစ်တကျမြှင့်တင်ပေးရန်လိုအပ်ကြောင်း၊ ယနေ့ခေတ်တွင် နည်းပညာများတိုးတက်လာသည်နှင့်အတူ မှုခင်းပုံစံများ ပြောင်းလဲလာသောကြောင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု ရဲလုပ်ငန်း (Digital Policing)၊ ရဲလုပ်ငန်းသုံးနည်းပညာ (Police Technology)၊ မှုခင်းသိပ္ပံ(Forensic Science)နှင့် ခေတ်မီစုံစမ်းစစ်ဆေးရေးနည်းပညာများကို ထိရောက်စွာအသုံးချနိုင်ရန်လိုအပ်ကြောင်း၊ မှုခင်းသတင်းအချက်အလက်များကို စနစ်တကျစုဆောင်း၊ သိမ်းဆည်း၊ ခွဲခြမ်းစိတ်ဖြာပြီး အထောက်အထားအခြေပြု စုံစမ်းဖော်ထုတ်မှုများကို မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ရဲတပ်ဖွဲ့ဝင်များ၏ စွန့်လွှတ်စွန့်စားမှုများနှင့် တာဝန်ကျေပွန်စွာထမ်းဆောင်မှုများကို အမြဲအလေးထားအသိအမှတ်ပြုကြောင်း၊ ယနေ့အခမ်းအနားမှတစ်ဆင့် မိမိကျရာကဏ္ဍတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ရင်း အသက်နှင့်ကိုယ်အင်္ဂါများ စွန့်လွှတ်ပေးလှူသွားခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များ၏ စိတ်ဓာတ်နှင့်ကြိုးပမ်းမှုများကို ဂုဏ်ယူလေးစားအသိအမှတ်ပြုပါကြောင်းနှင့် လက်ရှိတွင်လည်း တာဝန်များကို စည်းကမ်းရှိရှိ၊ ရဲဝံ့စွာဖြင့် တာဝန်ယူမှုရှိစွာ ထမ်းဆောင်နေကြသည့် ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းအားထုတ်မှုများနှင့် စွန့်လွှတ်အနစ်နာခံမှုများကိုလည်း လေးစားစွာဂုဏ်ပြုပါကြောင်းကို ပြောကြားလိုကြောင်း၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၆ ခုနှစ် ဩဂုတ်လထိ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ဦးရေ ၄၉၄၀ တို့ကို စွမ်းရည်သတ္တိဆိုင်ရာတံဆိပ်နှင့် စွမ်းဆောင်မှုဆိုင်ရာတံဆိပ်များ ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်းကိုလည်း အသိပေးလိုကြောင်း။

ထို့ပြင် ရဲတပ်ဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်မှုများကို အစဉ်အမြဲနားလည်ပံ့ပိုးပေးကြသည့် မိသားစုဝင်များကိုလည်း ပြည်သူများကိုယ်စား မှတ်တမ်းတင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့ထမ်းဆောင်နေသည့် တာဝန်သည် နိုင်ငံတော်နှင့် ပြည်သူများ၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဥပဒေစိုးမိုးရေးအတွက် အရေးကြီးသည့်တာဝန်ဖြစ်သည်ကို အမြဲသတိပြုကြရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့၏တာဝန်များကို စည်းကမ်းရှိစွာ၊ တာဝန်ယူမှုရှိစွာနှင့် ဥပဒေနှင့်အညီ ဆက်လက်ထမ်းဆောင်ကြရန် တိုက်တွန်းလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံး အနေဖြင့် မိသားစုစိတ်ဓာတ်၊ စည်းလုံးညီညွတ်သည့် စိတ်ဓာတ်များဖြင့် စနစ်တကျအုပ်ချုပ်ကွပ်ကဲပြီး ပေးအပ်လာသည့်တာဝန်များကို မခိုမကပ်ဘဲကျေပွန်စွာ ထမ်းဆောင်သွားကြရန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို **"မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်"**ဟူသည့် မျှော်မှန်းချက်များဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်သွားကြရန်၊ ထိုကဲ့သို့တည်ဆောက်ရာတွင် ခေတ်မီလက်နက်၊ အီလက်ထရောနစ်ဆက်သွယ်ရေးစက်ပစ္စည်းများ၊ လုံခြုံရေးအသုံးအဆောင်များကိုလည်း ခေတ်ကာလနှင့် လျော်ညီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ တပ်ဖွဲ့ဝင်တစ်ဦးချင်းစီကလည်း စွမ်းရည်မြှင့်မားရေး၊ အရည်အသွေးပြည့်မီစေရေးတို့အတွက် စဉ်ဆက်မပြတ်လေ့ကျင့်ဖြည့်ဆည်းဆောင်ရွက်သွားကြရန်၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင်လည်း အဂတိကင်းစင်ပြီး ပြည်သူချစ်သည့် စွမ်းရည်ထက်မြက်သည့် ရဲတပ်ဖွဲ့ဖြစ်စေရေး အစဉ်တစိုက်လေ့ကျင့်တည်ဆောက်ခြင်းဖြင့် နိုင်ငံတော်နှင့်ပြည်သူတို့ အားကိုးအားထားပြုရသည့် စည်းကမ်းကောင်းမွန်သည့် တပ်ဖွဲ့ဝင်များဖြစ်အောင် အလေးထားဆောင်ရွက်သွားကြရန်၊ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန် လေးရပ်နှင့် လုပ်ငန်းတာဝန် ခြောက်ရပ်တို့ကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခါသမယမှစ၍ ရဲတပ်ဖွဲ့ဝင်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပြီး မိမိတို့၏ တာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ကြပါစေကြောင်း၊ ရဲတပ်ဖွဲ့၏ စည်းကမ်း၊ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်များ ပိုမိုမြင့်မားလာပြီး ပြည်သူများ၏ ယုံကြည်အားကိုးမှုကို ရရှိသည့် ခေတ်မီရဲတပ်ဖွဲ့တစ်ရပ်အဖြစ် ဆက်လက်တိုးတက်ဖွံ့ဖြိုးလာပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရဲသူရတံဆိပ်ရရှိသူ ယာယီရဲမှူးကြီးကျော်သူ၊ ဒုတိယရဲမှူးမြင့်ဇော်နှင့် ရဲမှူးကြီးရန်နိုင်ထွန်း၊ ရဲဗလတံဆိပ်ရရှိသူ ရဲတပ်ကြပ်သန့်စင်ဦးတို့ကို ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ရာ ဆုတံဆိပ်ရရှိကြသူများနှင့် မိသားစုဝင်များက လက်ခံရယူကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောက စွမ်းရည်သတ္တိဂုဏ်ထူးဆောင် တံဆိပ်ရရှိသူ သုံးဦးကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ နှစ်ဦးနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ပြုဆုတံဆိပ်ရရှိသူ တစ်ဦးကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ပြုဆုတံဆိပ်ရရှိသူ သုံးဦးကိုလည်းကောင်း ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်မှတ်တမ်း Video Clip ကို ပြသသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုရဲတပ်ဖွဲ့အလိုက် ဂုဏ်ပြုမှတ်တမ်းဓာတ်ပုံများနှင့် တပ်ဖွဲ့အလိုက်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

# ၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

၆၂ နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများကို တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲကို ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ အနုပညာရှင်များ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များနှင့် နိုင်ငံကျော်အနုပညာရှင်များက တေးသံသာများ၊ အကအလှများဖြင့် ဂုဏ်ပြုသီဆိုကပြဖျော်ဖြေကြသည်။



၆၂ နှစ်မြောက်
မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့
အထိမ်းအမှတ်
ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင်
အနုပညာရှင်များက
အကအလှများဖြင့်
ဂုဏ်ပြုကပြဖျော်ဖြေစဉ်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲကို နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပ




**နေပြည်တော် အောက်တိုဘာ ၁**

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကို အတွေ့အကြုံနှင့် ဗဟုသုတကြွယ်ဝမှု၊ မိသားစုနှင့်နိုင်ငံတော်အတွက် တာဝန်ကျေပွန်ခဲ့မှု၊ လူမှုအသိုက်အဝန်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွေမှာ ပါဝင်ဆောင်ရွက်ပေးနေမှုများကို အသိအမှတ်ပြုပြီး ဂုဏ်ပြုသည့် အခမ်းအနားတစ်ရပ်ဖြစ်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနၡ ကျင်းပရာ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ပြောကြားသည်။

ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ယခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့၏ ဆောင်ပုဒ်မှာ ''The Age of Longevity: Rethinking Systems for Longer Lives'' "သက်ရှည်ကျန်းမာ ခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်" ဖြစ်ပါကြောင်း၊ ဤဆောင်ပုဒ်မှာ လူ့သက်တမ်းပိုမိုရှည်ကြာစွာ နေထိုင်လာနိုင်ခြင်းကို အောင်မြင်မှုတစ်ရပ်အဖြစ် အသိအမှတ်ပြုရုံသာမက အသက်ရှည်လာခြင်းနှင့်အတူ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုစောင့်ရှောက်မှုစနစ်များကိုလည်း ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း အလေးထားဖော်ပြထားတာကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ကလေးသူငယ်များ၊ လူငယ်များနှင့် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်အပိုင်းအခြားရှိသူများသည် အနာဂတ်ကာလ၌ သက်ကြီးပုဂ္ဂိုလ်များဘဝသို့ ရောက်ရှိလာကြမည် ဖြစ်သောကြောင့် အနာဂတ်မှာကြုံတွေ့ရမည့် သက်ကြီးပုဂ္ဂိုလ်ဘဝအတွက် ကြိုတင်ပြင်ဆင်ကြရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် သက်ကြီးပုဂ္ဂိုလ်များ၏ အသက်အရွယ်နှင့်အညီ ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီရရှိရေး၊ သက်ရှည်ကျန်းမာသော သက်ကြီးသူများဘဝရရှိရေး၊ သက်ကြီးများ တစ်ဦးတည်းနေထိုင်ရမှုကြောင့် အထီးကျန်ဆန်မှု မဖြစ်ရလေအောင် သက်ကြီးပုဂ္ဂိုလ်များကို လူမှုအဖွဲ့အစည်းအတွက် တက်ကြွစွာပါဝင်ပံ့ပိုးနိုင်သူများအဖြစ် အသိအမှတ်ပြုဆောင်ရွက်ပေးနိုင်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ထို့နောက် သက်ကြီးပုဂ္ဂိုလ်ပြုစုစောင့်ရှောက်ရေးနှင့် အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက် ဗီဒီယိုမှတ်တမ်းကို ပြသခြင်း၊ အခမ်းအနားသို့တက်ရောက်လာသော ဘိုးဘွားများကို ဆေးဝါးပစ္စည်းများနှင့် ဂုဏ်ပြုငွေများပေးအပ်ခြင်း၊ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ(နေပြည်တော်)မှ ဘိုးဘွားများက စွမ်းဆောင်ရည်ပြသဖျော်ဖြေခြင်းနှင့် သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ၎င်းတို့ထုတ်လုပ်ထားသည့် ဒေသထွက်ကုန်များကို ခင်းကျင်းပြသခဲ့ပါကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့်အတူ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မန္တလေး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ အသင်းအဖွဲ့များ၊ တိုင်းဒေသကြီးသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ ဂုဏ်ပြုခံအဘိုး၊ အဘွားများနှင့်၎င်းတို့၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားပြီး အခမ်းအနားသို့ မတက်ရောက်နိုင်သည့် အသက် ၁၀၀ နှစ်နှင့်အထက် အဘိုး၊ အဘွား ၆၁ ဦးအတွက် ဂုဏ်ပြုငွေများကို အောင်မြေသာစံခရိုင်၊ မဟာအောင်မြေခရိုင်၊ အမရပူရခရိုင်တို့မှ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများထံသို့ လွှဲပြောင်းပေးအပ်သည်။






ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများက အခမ်းအနားသို့တက်ရောက်လာသည့် ဂုဏ်ပြုခံသက်ကြီးပုဂ္ဂိုလ် အဘိုး၊ အဘွား ၃၅ ဦးကို ဂုဏ်ပြုပစ္စည်းများနှင့် ဂုဏ်ပြုငွေများပေးအပ်ပြီး ဂုဏ်ပြုခံသက်ကြီး ပုဂ္ဂိုလ် အဘိုး၊ အဘွားများကိုယ်စား မန်းတောင်ခြေဘိုးဘွားရိပ်သာမှ အဘိုးဦးစံမြင့်က ကျေးဇူးတင်ဆုတောင်းစကားများ ပြောကြားပြီး သက်ကြီးပုဂ္ဂိုလ် ပြုစုစောင့်ရှောက်ရေး မှတ်တမ်း Videoclip ကို ပြသခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၅ ရက်တွင် ကျင်းပခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ဇူလိုင် ၂၇ ရက်မှ စက်တင်ဘာ ၁၁ ရက်ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် သုံးဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်းတစ်ဦး၊ အထွေထွေ ၃၂ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၂ ဦး စုစုပေါင်း ၄၉ ဦးတို့ကို အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့ထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၈၆၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၇၅၈ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း ၅၄၉ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၁၇၆ ဦးကို အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ



မန္တလေး အောက်တိုဘာ ၁

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီက မန္တလေး အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော်ရုံး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် လေ့လာသူ ၉၈ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ငါးဦးက မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ခြောက်ခုကို သက်ဆိုင်ရာတိုင်းဒေသကြီး အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည် ဖြေကြားကြသည်။

ထို့နောက် ငါန်းဇွန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်သူ တင်သွင်းထားသည့်“ဂရန်ရရှိသင့်သူများ ဂရန်ထုတ်ပေးနိုင်ရေးအတွက် လေ့လာ စိစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပေးရေး”အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အမည်စာရင်း တင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ် ငါးဦးက ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများဆောင်ရွက်ကြပြီး ယင်းအဆိုကို သဘောတူသည့်အတွက် လွှတ်တော် ဥက္ကဋ္ဌက အဆိုကိုအတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသည့်အတွက် လွှတ်တော်က အဆိုအတည်ဖြစ်ကြောင်း ကြေညာသည်။

တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားခဲ့ပြီး အစည်းအဝေး သတ္တမနေ့ကို အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းဖွင့်ပွဲကျင်းပစဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းဖွင့်ပွဲကျင်းပစဉ်။

☆ **ကျောဖုံးမှအဆက်**

ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန်ရည်ရွယ်ချက်ဖြင့် ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ် လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ မိုးရာသီစခန်းချ လေ့ကျင့်ရေးသင်တန်း ဖွင့်ပွဲများကို နေပြည်တော်ကောင်စီ နယ်မြေ၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ဗထူးတပ်မြို့၌လည်းကောင်း၊ မွန်ပြည်နယ် ချောင်းဆုံမြို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌လည်းကောင်း နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ သင်တန်းတာဝန်ခံအရာရှိများ၊ သင်တန်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။

ထို့နောက် တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများပေးအပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက အသီးသီး လက်ခံရယူသည်။

ယခုဖွင့်လှစ်သော သင်တန်းများ အနေဖြင့် ပထမနှစ် အခြေခံစစ်ပညာ သင်တန်း၊ ဒုတိယနှစ် အခြေခံစစ်ပညာ သင်တန်းနှင့် ပထမနှစ် တန်းမြင့်စစ်ပညာ သင်တန်းတို့ကို အသီးသီးဖွင့်လှစ်ခဲ့ပြီး သာမန်သင်တန်းချိန်နှင့် စခန်းချ လေ့ကျင့်ချိန်အလိုက် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။**(၅၀၁)**

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရန်ကုန်မြို့ ဂျပန်နိုင်ငံ သံရုံးယာယီတာဝန်ခံကို လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ မစ္စတာ ယိုရှိတာခဲ ရှီဂိုအား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားများ ကျင်းပ



မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း ဆုရတပ်ဖွဲ့ဝင်တစ်ဦးကို ဂုဏ်ပြုဆု တံဆိပ်နှင့် ဂုဏ်ပြု မှတ်တမ်းလွှာ ချီးမြှင့်စဉ်။



ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ ဆုရတပ်ဖွဲ့ဝင် တစ်ဦးကို ဂုဏ်ပြုဆု တံဆိပ်နှင့် ဂုဏ်ပြု မှတ်တမ်းလွှာ ချီးမြှင့်စဉ်။



ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အားကစား ခန်းမ၌ ၆၂ နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနား ကျင်းပစဉ်။



ဧရာဝတီတိုင်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ် ဆုရတပ်ဖွဲ့ဝင် တစ်ဦးကို ဂုဏ်ပြုဆု တံဆိပ်နှင့်ဂုဏ်ပြု မှတ်တမ်းလွှာ ချီးမြှင့်စဉ်။




တနင်္သာရီတိုင်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန် ဆုရတပ်ဖွဲ့ဝင် တစ်ဦးကို ဂုဏ်ပြုဆု တံဆိပ်နှင့် ဂုဏ်ပြု မှတ်တမ်းလွှာ ချီးမြှင့်စဉ်။



အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ငွေး ဆုရတပ်ဖွဲ့ဝင် တစ်ဦးကို ဂုဏ်ပြုဆု တံဆိပ်နှင့် ဂုဏ်ပြု မှတ်တမ်းလွှာ ချီးမြှင့်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၂၆ ခုနှစ် ၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိအားကစားခန်းမ၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ပုလဲရတနာခန်းမ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးခန်းမ၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ၌လည်းကောင်း အသီးသီးကျင်းပကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများပြောကြားပြီး တာဝန်ရှိသူများက ရဲချုပ်၏ သဝဏ်လွှာကို ဖတ်ကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုရတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့်တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(ဖြတ)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့သည့် မြန်မာ့တပ်မတော်(ကြည်း၊ရေ၊လေ)မှ အရာရှိ၊စစ်သည်များပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ





မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံ ဂါယာမြို့ရှိ မဟာဗောဓိစေတီတော်၊ ဗုဒ္ဓဂယာနှင့် စေတီပုထိုးများအား ဖူးမြော်ကြည်ညိုပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ ပိုမိုတိုးမြှင့်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာလေ့လာရေးခရီးစဉ်များ အပြန်အလှန်သွားရောက်လေ့လာ လည်ပတ်ခြင်းများဆောင်ရွက်ရန် ချစ်ကြည်ရေးခရီးစဉ်အဖြစ် စတုတ္ထအကြိမ်သွားရောက်ခဲ့သည့် မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၉ ရက်မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်မှ အိန္ဒိယနိုင်ငံဂါယာမြို့သို့ထွက်ခွာခဲ့ကြသည်။

အဆိုပါမြန်မာ့တပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၃၀ ရက်တွင် အိန္ဒိယနိုင်ငံ ဂါယာမြို့ရှိ မဟာဗောဓိစေတီတော်၊ဗုဒ္ဓဂယာနှင့်စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများကို သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဂါယာမြို့ရှိ ဗိုလ်သင်တန်းကျောင်း(OTA)သို့ သွားရောက်လေ့လာခဲ့ကြသည်။ ညပိုင်းတွင် မြန်မာ့တပ်မတော်မှချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို အိန္ဒိယနိုင်ငံမှတာဝန်ရှိသူများကညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

အဆိုပါ မြန်မာ့တပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြရာ လေဆိပ်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူး Colonel Arjun N Singh တို့က ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ






တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူ လူငယ်များကို မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပဗဟုသုတများရရှိစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းမှတ်တမ်းများနှင့် အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကိုစာတွေ့အပြင် လက်တွေ့ ယှဉ်တွဲလေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့လာရောက်လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ စိုးစံကိုယ်ပိုင် အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ရောက်ရှိကြပြီး ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကိုလေ့လာခဲ့ကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။

ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များကို ပေးဝေခဲ့ကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့်ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များမေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ကျောင်းသား၊ကျောင်းသူများနှင့်ဆရာ၊ဆရာမများသည်ကျောင်းသား၊ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များ မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့်အထူးဆုများအဖြစ် ထမင်းချိုင့်၊ထီး၊ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲကြားသိခဲ့ရပါတယ်-





"အခုလို ဒီတပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာခွင့်ရတဲ့အတွက် ကလေးတွေကပေါ့နော် မြန်မာ့သမိုင်းမှာ ရွှေရောင်လွှမ်းခဲ့တဲ့ ခေတ်သမိုင်းအဆက်ဆက်ကိုလည်း လေ့လာခွင့်ရခဲ့ပါတယ်။ ပြီးလို့ရှိရင် တပ်မတော် (ကြည်း၊ ရေ၊ လေ)နဲ့ပတ်သက်ပြီးတော့ အသိပညာဗဟုသုတတွေအများကြီးကိုလည်း သူတို့လေ့လာခွင့်ရခဲ့ပါတယ်။ ဒီတပ်မတော်စစ်သမိုင်းပြတိုက်မှာ လိုအပ်တာများကို လာပြီးတော့ ရှင်းပြပေးတဲ့ လူကြီးများအားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်။ နောက်ထပ်ဖြည့်စွက်ပြောချင်တာကတော့ ဒီလိုနိုင်ငံတော်ကနေပြီးတော့ အဘက်ဘက်ကနေ ကျောင်းသား၊ ကျောင်းသူတွေ တိုးတက်ဖို့အတွက်ရော အစစအရာရာ တပ်မတော်နဲ့ပတ်သက်တဲ့ လုပ်ငန်းစဉ်တွေ ကြည်း၊ ရေ၊ လေနဲ့ ပတ်သက်တဲ့ ဆောင်ရွက်မှုတွေအကုန်လုံးကို လေ့လာခွင့်ပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

"ကျွန်တော်ဒီမှာ ဘာတွေလေ့လာခဲ့ရတာလဲဆိုတော့ ဒီစစ်သမိုင်းပြတိုက်မှာပေါ့နော်။ စရောက်ချင်း ဂိတ်ပေါက်ကဝင်တာနဲ့ဆိုရင် လေတပ်မှာရှိတဲ့ ပြင်ပပြကွက်မှာပြသထားတဲ့ သင်္ဘောကြီးအမြောက်တွေအစရှိသဖြင့် နောက်ပြီးတော့ ဆက်သွားတဲ့နေရာမှာလဲ ကြည်းတပ်၊ ရေတပ်၊ လေတပ်ရဲ့ သမိုင်းကြောင်းတွေ၊ယာဉ်ယန္တရားတွေ၊ စစ်လက်နက်ပစ္စည်းတွေလဲ အများကြီးတွေ့ခဲ့ရပြီးတော့ သူတို့ရဲ့အကြောင်းကိုလဲ အသေးစိတ်လေ့လာခဲ့ရပါတယ်။ နောက်ပြီးတော့ ဒီလိုမျိုးစစ်သမိုင်းပြတိုက်မှာ သမိုင်းအကြောင်းတွေပြီးရင် စစ်ပစ္စည်းအကြောင်းတွေအစရှိသဖြင့် အသေးစိတ်ရှင်းပြသွားတဲ့ စစ်သမိုင်းပြတိုက်မှာ တာဝန်ထမ်းဆောင်တဲ့ အရာရှိတွေကိုလဲ ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်"ဟု ပြောသည်။ (၅၀၁)



နေရပ်ပြန်ခရီးသည်များ ရေယာဉ်ပေါ်သို့တက်ရောက်စဉ်။



စစ်ရေယာဉ်(မုတ္တမ)၌ Walk Through Check Gate အသုံးပြုပြီး နေရပ်ပြန်ခရီးသည်များကို Body Check ပြုလုပ်စဉ်။



နေရပ်ပြန်ခရီးသည်များကို အထပ်လိုက် နေရာချထားပေးစဉ်။



နေရပ်ပြန်ခရီးသည်များကို ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးစဉ်။



စစ်ရေယာဉ်(မုတ္တမ)၌ နေရပ်ပြန်ခရီးသည်များကို ညစာကျွေးမွေးစဉ်။



နေရပ်ပြန်ခရီးသည်များ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း ဆောင်ရွက်စဉ်။

**● မလေးရှားနိုင်ငံမှ**

ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စိစစ်ပြီးသူ ၁၄၇၆ ဦးကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ တပ်မတော်(ရေ)မှ တာဝန်ရှိသူများ ဦးဆောင်သည့် စစ်ရေယာဉ်(မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)၊ စစ်ရေယာဉ်(ဆင်ဖြူရှင်)တို့သည် ရန်ကုန်မြို့မှ စက်တင်ဘာ ၂၄ ရက်တွင် ထွက်ခွာ၍ သွားရောက်ခေါ်ဆောင်ခဲ့ရာ မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်းသို့ စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့ကြောင်း၊ ပြစ်ဒဏ်ကျခံပြီးသော မြန်မာနိုင်ငံသား ၁၄၇၆ ဦးကို မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံး(ကြည်း၊ ရေ၊ လေ) တို့အနေဖြင့် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာန တာဝန်ရှိသူများထံမှ စနစ်တကျ လွှဲပြောင်းလက်ခံခဲ့ပြီးနောက် စစ်ရေယာဉ်များသည် စက်တင်ဘာ ၂၉ ရက် ညပိုင်းတွင် မလေးရှားနိုင်ငံ လူမွတ်ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာမှုကို သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ မြန်မာနိုင်ငံသားများကို တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုလက်ခံကြပြီး စစ်ရေယာဉ်များပေါ်တွင် စနစ်တကျနေရာချထားပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ နေ့စဉ်စားသောက်ဖွယ်ရာများ ချက်ပြုတ်ကျွေးမွေးခြင်း၊ စိတ်အပန်းဖြေစေရန် နှစ်သက်ရာ Game များ ကစားကြခြင်းနှင့် ရုပ်ရှင်ဗီဒီယိုဇာတ်ကားများပြသခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေး စုပေါင်းလေ့ကျင့်ခန်းများ ပြုလုပ်ကြခြင်း၊ လိုအပ်သည့်အဝတ်အထည်နှင့် တစ်ကိုယ်ရေ သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းတို့ကို စစ်ရေယာဉ်များ၌ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ဆောင်ရွက်ပေးလျက်ရှိသည်။

စစ်ရေယာဉ်များသည် ယနေ့နံနက်ပိုင်းတွင် မြန်မာ့ရေပြင်ပိုင်နက်သို့ စတင်ချင်းနင်းဝင်ရောက်ချိန်တွင် အမိနိုင်ငံရေမြေနှင့် ကာလအတန်ကြာဝေးကွာနေခဲ့ရသော မြန်မာနိုင်ငံသားများကို နိုင်ငံတော်အကြီးအကဲနှင့် တပ်မတော်အကြီးအကဲများက မိရင်းဖသဖွယ် လှိုက်လှဲစွာ ကြိုဆိုကြောင်း သတင်းစကားပါးမှုအပေါ် သင်္ဘောပေါ်တွင် လိုက်ပါလာသော ပြန်လည်ဝင်ရောက်လာသူ မြန်မာနိုင်ငံသားများအနေဖြင့် ဝမ်းမြောက်ဝမ်းသာလက်ခုပ်တီး၍ ပျော်ရွှင်မှုစိတ်ခံစားချက်များကို ဖော်ထုတ်ပြသခဲ့ကြကြောင်း၊ ခေါ်ယူရေးစီမံဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲ၏ ကြီးမားသောမေတ္တာတရားနှင့် စေတနာပြည့်ဝစွာဖြင့် အဘက်ဘက်က ဆောင်ရွက်ပေးလျက်ရှိသော တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်လျက် ရှိကြကြောင်းလည်း သိရှိရသည်။

အဆိုပါ စစ်ရေယာဉ်များသည် မကြာမီရက်ပိုင်းအတွင်း မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ မိတ်ဆွေမျိုးများ၊ မိသားစုများနှင့် အမြန်ဆုံးပြန်လည်တွေ့ဆုံနိုင်ရေးအတွက် ဆိပ်ကမ်းတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် မိသားစုဝင်များက အသင့်စောင့်ကြို၍ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးရန် စီစဉ်ထားရှိကြောင်း၊ မိမိနိုင်ငံအတွင်း၌ပင် မိသားစုများနှင့် အေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လိုအပ်သည်များ ဆက်လက်ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ဟိုမှာ အလုပ်သွားလုပ်တာပါ။ ကြာပါပြီ ၉၉ ထဲက ရောက်တာပါ။ အကြောင်းအမျိုးမျိုးကြောင့် ပြဿနာတက်ပြီးတော့ ဖမ်းဆီးခံရပြီးတော့ပြန်လာတာပါ။ တိုင်းရင်းသားတွေ ထောင်ထဲမှာရော ဒီထိန်းသိမ်းရေးစခန်းမှာ လူပေါင်းများစွာလဲ ကျန်ရှိပါသေးတယ်။ ပြန်ခေါ်နိုင်အောင် ကြိုးစားပေးပါလို့။ အမိမြေနဲ့ ခွဲခွာသွားတာလဲကြာပြီလေ လူတွေက အများကြီးပဲ စိတ်ထိခိုက်တယ်။ ဘာသာစကားမတတ် အင်္ဂလိပ်ဘာသာစကား၊ တရုတ်ဘာသာစကား မတတ်တဲ့အတွက်လဲ လူတွေဒုက္ခအမျိုးမျိုးရောက်ရတယ်။ သူများနိုင်ငံသွားရင် သူများဘာသာစကားတတ်မှ သူများနိုင်ငံရဲ့ ယဉ်ကျေးမှုကိုလေ့လာမှ မလေးရှားနိုင်ငံသားတွေက ချစ်တာပါ။ ကိုယ့်နိုင်ငံလဲ ကိုယ့်နိုင်ငံလာရင် ကိုယ့်ဘာသာစကားကို ကိုယ်တတ်အောင်သင်မှ သူများနိုင်ငံမှာလဲ ယဉ်ကျေးမှုတွေသူ့အလိုက်ထိုက်နေတတ်အောင်လဲနေကြပါလို့ ကျွန်တော်ပြောချင်ပါတယ်။ Camp တွေက ဖမ်းမိပြီး မြန်မာသံရုံးကို လွှဲပေးတယ်။ မြန်မာသံရုံးကနေပြီးတော့ ဒီဘက်မြန်မာနိုင်ငံလက်ထဲကို ပြန်ခေါ်ပေးတာပါ။ ဒီမှာတိုင်ရင်လဲဖမ်းဆီးခံရတယ်။ မှန်တာပဲဖြစ်စေ မမှန်တာပဲဖြစ်စေ ဒီနိုင်ငံမှာတစ်နှစ်တစ်ခါ ပါမစ်ရှိတယ် သုံးနှစ်တစ်ခါ ပါမစ်ရှိတယ်။ အဲ့ဒီပါမစ်တွေက သက်တမ်းတိုးမှ ကျွန်တော်တို့က နေထိုင်ခွင့်ရတာ။ သူတို့နိုင်ငံမှာ အခွန်မဆောင်တဲ့အတွက် မလေးရှားက လဝကဥပဒေနဲ့ ကျွန်တော်တို့ မိတယ်။ အခုလိုပြန်လာရတာ ဝမ်းသာတာပေါ့။ မိသားစုနဲ့ သားကွဲမယားကွဲ ညီအစ်ကိုမောင်နှမတွေ အဘိုးအဘွားတွေနဲ့လဲ တွေ့ချင်တာပေါ့။ ကျွန်တော်တို့ကို အခုလို ကူညီပေးတဲ့ နိုင်ငံတော်အကြီးအကဲရော ဒီလိုလုပ်ပေးတဲ့အတွက် လူတစ်ယောက်တည်းမဟုတ်ဘူး လူပေါင်းထောင်ချီလုပ်ပေးတဲ့အတွက် သိန်းပေါင်းများစွာလဲ ကုန်တာလဲကျွန်တော်တို့သိတယ်။ ကျွန်တော်တို့အနေနဲ့လဲ ကျွန်တော်တို့ ခံစားလို့ရတယ်။ ဘယ်လိုဘယ်လိုလုပ်ပေးရတယ်ဆိုတာ၊ အကုန်လုံးကိုလဲ ကျေးဇူးတင်တယ်။ နိုင်ငံတော်အကြီးအကဲတွေ၊ လဝကတို့၊ ဒီဘက်ရေတပ်၊ အင်ဂျင်နီယာတပ်တွေ အကုန်လုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

"ကျွန်တော် ရမ်းဗြဲကနေပြီးတော့ ရန်ကုန်တက်တယ်။ ရန်ကုန်ကနေ







မောတောင်၊ မောတောင်ကတစ်ဆင့် ကျွန်တော် မလေးရှားတက်တယ်။ အခက်အခဲတွေကတော့ ကြုံရတာပေါ့။ ဒါပေမဲ့ မလေးရှားရောက်တော့လဲ ဟိုအလုပ်ဒီအလုပ် အဆင်မပြေတာတွေကများတယ်။ သူဌေးတွေက အများကြီးဆိုးတယ်။ အဲ့ဒါတွေ အဆင်မပြေဖြစ်ခဲ့တယ်။

စာမျက်နှာ ၂၄ သို့

# လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို ဖယ်ရှားရှင်းလင်း




အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေပြန်လည်ကျဆင်းသွားသည့်နေရာများတွင် နုန်းများ၊ အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်းနှင့် ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းတို့ ဆောင်ရွက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ငဝန်မြစ်ရေသည် ယနေ့တွင် လေးမျက်နှာမြို့နယ်အတွင်း ရေများ ပြန်လည်ကျဆင်းသွားကြောင်း၊ ရေကြည်မြို့နယ်အတွင်း ၈ ပေ ၈ လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ၉ ပေ ၄ လက်မခန့်၊ ကျုံပျော်မြို့နယ်အတွင်း ၆ ပေ ၈ လက်မခန့်၊ ကျောင်းကုန်းမြို့နယ်အတွင်း ၆ ပေ ၇ လက်မခန့်ထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ကျောက်နီမော်မြို့နယ်နှင့် မောတောင်မြို့နယ်တို့၌ စက်တင်ဘာ ၂၉ ရက် ညပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တနင်္သာရီမြစ်ရေမြင့်တက်၍ အဆိုပါမြို့နယ်များရှိ မြို့ပေါ်ရပ်ကွက်များ၌ ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ လူမှုကူညီရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အဆိုပါ ရေဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသည့် နေရာများရှိ ရေဘေးသင့်ပြည်သူများကို ယာယီရေဘေးကူညီကယ်ဆယ်ရေး စခန်းများဖွင့်လှစ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် အရေးပေါ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၇၂၆၉ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၁**

စားသုံးသူပြည်သူများစားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂ ရက်မှ ၈ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၇၂၆၉ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်**
**စွမ်းအင်လည်းရ ပြည်လည်းလှ။**

စာမျက်နှာ ၂၃ မှအဆက်

ကျွန်တော်တို့တွေက ဆင်းရဲတော့ နည်းနည်းအခက်အခဲတွေက များတယ်။ အဲ့ဒါကြောင့် ကျွန်တော်မလေးရှားတက်တာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံပြန်ရောက်တော့မယ်ဆိုတော့ ပျော်ပါတယ်။ Camp မှာ ကျန်ခဲ့တဲ့လူတွေကတော့ နည်းနည်းအခက်အခဲ ရှိနေတယ်။ ဘာလို့လဲဆိုတော့ ဒီကမြန်မာတွေက အကုန်ထွက်လာတော့ မြန်မာတွေကျန်ခဲ့တဲ့သူတွေကို နှိပ်စက်နေတာတွေ ရိုက်တာတွေခံနေရတာတော့ စိတ်မကောင်းဖြစ်ရတာပေါ့။ အကုန်လုံးကျေးဇူးတင်ပါတယ် လာခေါ်တဲ့လူတွေရော အကုန်လုံး ကျေးဇူးအများကြီး တင်ပါတယ်”ဟု ပြောသည်။

”မလေးရှားရောက်တာ သုံးနှစ်လောက်ရှိပါပြီ။ အောက်လမ်းကနေပဲလာတာပါ ကော့သောင်းကနေပြီးတော့ မလေးရှားကိုဝင်တယ် ဝင်ပြီးတော့ ဟိုရောက်တော့ ကျွန်တော်ကားဝပ်ရှော့ပေါ့ ကားဝပ်ရှော့လုပ်ရတယ် အလုပ်အကိုင်လဲ အဆင်မပြေပါဘူး။ အထောက်အထားမရှိလို့ လဝကတွေ တော်တော်များများ ဖမ်းကြပါတယ် လဝကရောက်မှပဲ အထဲမှာ ခြောက်လလောက်ကြာတယ်။ ပြီးတော့မှ ဒီကျွန်တော်တို့ မြန်မာနိုင်ငံက ပြန်လာခေါ်တော့ ဒီမှာလိုက်ပါလာပါတယ်။ ဘာလို့လဲဆိုတော့ အထဲမှာ တော်တော်နေရတာ စားရတာစိတ်ဆင်းရဲတယ် ပင်ပန်းတယ်။ သံရုံးက ပြန်ရတော့မယ်ပြောတော့ ဒီတစ်လလောက် ကျွန်တော်တို့ တော်တော်ပျော်ကြတယ်။ ပြန်ရမှာလား မပြန်ရမှာလား အတိအကျမသိသေးဘူး ပျော်နေကြတယ်။ပြန်ရမယ့်ညဆို တစ်ညလုံးအိပ်လို့မပျော်ဘူး။ ဘာလို့လဲဆိုတော့ ကိုယ်က မြန်မာပြည်ပြန်ရောက်တော့မှာမို့လို့ အပြင်မှာနေတုန်းကတော့ ဘာမှမဖြစ်ဘူး။ အထဲရောက်မှ အနေဆင်းရဲတယ် အစားဆင်းရဲတယ် ထွက်လာမိတာကို နောင်တတွေ အများကြီးရမိပါတယ်။ မလေးရှားကနေထွက်လာပြီးတော့ ကျွန်တော်တို့ သင်္ဘောဆိပ်ရောက်တော့မြန်မာ့အလံကိုမြင်တာနဲ့ စိတ်ထဲမှာ မျက်ရည်တောင်ကျမိပါတယ်ဗျ။ ဒါကတော့ ပြောပြလို့မတတ်အောင်ပျော်ပါတယ်ဗျ။ ဒီမနက်က အထက်အရာရှိတွေက မြန်မာပိုင်နက်ထဲရောက်ပြီဆိုတာနဲ့ အော်ပေးတယ် ကိုယ့်အိမ်ကိုယ့်ရာရောက်သလိုပါပဲ ငိုတဲ့လူလဲငိုကြပါတယ်။ ကိုယ့်အိမ်ကိုယ့်ရာရောက်ပြီဆိုတော့ ပျော်ကြတာပေါ့။ သင်္ဘောပေါ်မှာ အစစအရာရာ အဆင်ပြေအောင် တာဝန်ရှိသူတွေက လုပ်ထားပေးပါတယ်။ မြန်မာနိုင်ငံအစိုးရနဲ့ ဌာနဆိုင်ရာအသီးသီးမှ လာခေါ်ပေးတဲ့ တာဝန်ရှိ တိုင်းဒေသကြီးအစိုးရတွေ၊ ဒီသင်္ဘောပေါ်မှာရှိတဲ့ အရာရှိတွေအားလုံးကိုလဲ ရင်ထဲက အတိုင်းမသိကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်ခင်ဗျ”ဟုပြောသည်။ (၅၀၁)

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့် အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်းတွင် သံဃာတော်အပါး ၁၀၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

၂၀၂၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့

World Food Day 2026

"ယနေ့တီထွင်ဆန်းသစ်မှ အာဟာရပြည့်ဝ အနာဂတ်လှ"

(Innovate today. Nourish tomorrow.)

အောက်တိုဘာလ ၁၆ ရက်နေ့




## ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်လာရောက်ခဲ့သည့် အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ ပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ



အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ အလေးပြုစဉ်။



အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဆင်ဖြူတော်များကို အစာကျွေးမွေးစဉ်။



အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို မြန်မာ့တပ်မတော်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူး Colonel Arjun N Singh တို့က လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။



အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာ-အိန္ဒိယ တပ်မတော်နှစ်ရပ်ကြား အပြန်အလှန်ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာစေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အပြန်အလှန်ဖလှယ်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ချစ်ကြည်ရေးခရီးစဉ်အဖြစ် အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသို့ရောက်ရှိကြရာ လေဆိပ်တွင် မြန်မာ့တပ်မတော်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ အိန္ဒိယတပ်မတော်မှ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော် အပါအဝင် တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီတော်များကို သွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ သူရဲကောင်းဗိမာန် (နေပြည်တော်)၊ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)အမျိုးသားပြတိုက်စသည့် အထင်ကရနေရာများကို သွားရောက်လေ့လာလည်ပတ်ခြင်းများဆောင်ရွက်ခဲ့ကြသည်။ အိန္ဒိယတပ်မတော်မှ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ကို စက်တင်ဘာ ၃၀ ရက် ညပိုင်းတွင် မြန်မာ့တပ်မတော်မှ တာဝန်ရှိသူများက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါ အိန္ဒိယတပ်မတော်မှ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်လေဆိပ်မှ အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ လေဆိပ်တွင် မြန်မာ့တပ်မတော်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူး Colonel Arjun N Singh တို့က ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)




**❍ တောင်ပြိုလမ်းပိတ်နေရာမှ**

လူအင်အား၊ စက်ယာဉ်ယန္တရားများဖြင့် ပြုပြင်ဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေးရာ ချင်းပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသန်းဇော်က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးသန်းထူးအောင်က ဖြည့်စွက်တင်ပြရာ ဒုတိယဝန်ကြီးက လမ်းပန်းဆက်သွယ်မှု ပြတ်တောက်မှုမရှိစေရေးအတွက် အထူးကြိုးပမ်းဆောင်ရွက်ရန်နှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် လုံလောက်သော လူအင်အားနှင့် စက်အင်အားများ အသင့်ဆောင်ရွက်ထားရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**❑ အယ်လ်နီညိုဖြစ်စဉ်မှ**

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလတို့တွင် နေ့အပူချိန်များ မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြရန် အသိပေးထားကြောင်း သိရသည်။ **(မိုး/ဇလ)**

**■ ပြန်လည်ဖွင့်လှစ်ပေးနိုင်မှ**

မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နေရာအချို့တွင်လည်း ရေကျော်ခြင်းများဖြစ်ပွားလျက်ရှိသည်။ ထိုသို့ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အပါအဝင် မြို့နယ် ငါးမြို့နယ်တို့ရှိ အခြေခံပညာကျောင်း ၅၆ ကျောင်းကို စက်တင်ဘာ ၂၈ ရက်မှစ၍ ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။

အဆိုပါ ရေကြီးရေလျှံမှုအခြေအနေများကြောင့် ယာယီပိတ်ထားသည့် အခြေခံပညာကျောင်းများမှာ ရေဖြူမြို့နယ်အတွင်း အခြေခံပညာမူလတန်းကျောင်း သုံးကျောင်း၊ ထားဝယ်မြို့နယ်အတွင်း အခြေခံပညာ အထက်တန်းကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်း၊ မူလတန်းနှင့်မူလတန်းလွန်ကျောင်း ၁၂ ကျောင်း၊ လောင်းလုံးမြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ) ခြောက်ကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်း၊ မူလတန်းနှင့်မူလတန်းလွန်ကျောင်း ၁၃ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နှစ်ကျောင်း၊ ကိုယ်ပိုင်ကျောင်း တစ်ကျောင်း၊ သရက်ချောင်းမြို့နယ်အတွင်း အခြေခံပညာ အထက်တန်းကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ) တစ်ကျောင်း၊ မူလတန်းနှင့်မူလတန်းလွန်ကျောင်း ကိုးကျောင်းနှင့် ပုလောမြို့နယ်အတွင်း အခြေခံပညာမူလတန်းလွန်ကျောင်း တစ်ကျောင်း စုစုပေါင်း မြို့နယ် ငါးခုမှ အခြေခံပညာကျောင်း ၅၆ ကျောင်းတို့ဖြစ်ကြောင်း သိရသည်။

ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ရေပြန်လည်ကျဆင်းသွားသည့်နေရာများရှိ စာသင်ကျောင်းများတွင် ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့များ၊ ဒေသခံပြည်သူများပူးပေါင်း၍ ကျောင်းအတွင်း၊ အပြင်၌ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့စဉ် တင်ကျန်ခဲ့သည့် နုန်းမြေများဖယ်ရှားခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ စာသင်ခုံများပြုပြင်ခြင်း၊ စာသင်ခန်းအတွင်း၊ အပြင်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အင်တိုက်အားတိုက်ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ယာယီပိတ်ထားခဲ့ရသည့်ကျောင်းများအနက် စက်တင်ဘာ ၃၀ ရက်တွင် အခြေခံပညာကျောင်း ၁၄ ကျောင်း၊ ယနေ့တွင် အခြေခံပညာကျောင်း ၄၁ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၅၅ ကျောင်းကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာပညာသင်ကြားလျက်ရှိကြောင်းနှင့် ကျန်ရှိသည့် ပုလောမြို့နယ်မှ အခြေခံပညာမူလတန်းလွန်ကျောင်း(ပလောက်နောက်) ကိုလည်း အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရေပြန်လည်ကျဆင်းချိန်တွင် သန့်ရှင်းရေးနှင့် ပြုပြင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

## ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် "ခ"၊ "ဂ"၊ "ဃ"၊ "င" ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ နေပြည်တော်ရုံး၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)နှင့်ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)နှင့် ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)ရုံးများတွင် ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့်Onlineစနစ်ဖြင့် "ခ"၊ "ဂ"၊ "ဃ"၊ "င" ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ကြိုတင်သက်တမ်းတိုးခြင်းအား ၁၇-၇-၂၀၂၆ ရက်(သောကြာနေ့)မှစတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online မှ ဝန်ဆောင်မှုရယူလိုသူများသည် မိမိတို့ Mobile Phone/Tablet အသုံးပြု၍ MM Driver License E-Payment Mobile Application အား Google Play Store မှတစ်ဆင့် download ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အဆိုပါ စနစ်နှင့်ပတ်သက်၍ အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.mot.gov.mm၊ www.rtad.gov.mm နှင့် www.myanmarrtad.comWebsite များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| ရုံးချုပ်(နေပြည်တော်) | - | ၀၆၇-၃၄၀၅၀၉၉ |
| နေပြည်တော်ရုံး | - | ၀၆၇-၄၅၁၀၀၆၂၊ ၀၆၇-၄၅၁၀၀၆၄ |
| တိုင်းဒေသကြီးရုံး(ရန်ကုန်) | - | ၀၉-၉၅၄၉၂၁၀၀၀ |
| တိုင်းဒေသကြီးရုံး(မန္တလေး) | - | ၀၉-၄၃၀၉၆၉၈၀ |

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန







**❖ Esports ပြိုင်ပွဲမှ**

ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဗိုလ်လုပွဲအဆင့်အဖြစ် အင်ဒိုနီးရှားနိုင်ငံ ကိုယ်စားပြုအသင်းနှင့် ယနေ့တွင် ယှဉ်ပြိုင်ကစားခဲ့ရာ လေးပွဲပြတ်ဖြင့် ထပ်မံအနိုင်ရရှိခဲ့ပြီးနောက် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆွတ်ခူးပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေ နှစ်ခု၊ ငွေ တစ်ခုနှင့် ကြေး တစ်ခု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ **STA**

# ရုရှားနိုင်ငံ ကမ်ချက်ကာဒေသရှိ ဂရိတ်ဆစ်ကင်မီးတောင်ပေါက်ကွဲပြီး မီးတောင်ထိပ်ဝမှ ချော်ရည်များ စီးကျနေ



**မော်စကို အောက်တိုဘာ ၁**

ရုရှားနိုင်ငံ ကမ်ချက်ကာဒေသရှိ ဂရိတ်ဆစ်ကင်မီးတောင်တွင် မီးတောင်ပေါက်ကွဲပြီး မီးတောင်ထိပ်ဝမှ ချော်ရည်များ စီးကျနေကြောင်း ရုရှားနိုင်ငံ မီးတောင်စောင့်ကြည့်လေ့လာရေးအဖွဲ့၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ဂရိတ်ဆစ်ကင်မီးတောင်သည် ၂၀၂၁ ခုနှစ် ဇူလိုင်လကတည်းက လှုပ်ရှားမှုများစတင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိ မီးတောင်ပေါက်ကွဲကာ ချော်ရည်များသည် မီးတောင်အောက်ဘက်ရှိ ချိုင့်ဝှမ်းများဘက်သို့ တဖြည်းဖြည်း ရွေ့လျားနေကြောင်း၊ ထို့ပြင် မီးတောင်နှင့် ပတ်ဝန်းကျင်၌ မြေငလျင်လှုပ်ရှားမှုများ ဖြစ်ပေါ်ခဲ့သော်လည်း ကြီးမားသည့် မီးတောင်ပေါက်ကွဲမှု ဖြစ်ပေါ်ခြင်းမရှိကြောင်း၊ ထို့ကြောင့် မီးတောင်ကို ငလျင်နှင့် အသံလှိုင်းတိုင်းတာသည့်စနစ်များ၊ ဂြိုဟ်တုအချက်အလက်များနှင့် မီးတောင်စောင့်ကြည့်ကင်မရာများအသုံးပြု၍ ဆက်လက်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ဂရိတ်ဆစ်ကင်မီးတောင်၏ မီးတောင်သတိပေးချက် လိမ္မော်ရောင်အဆင့်နှင့် လေကြောင်းအန္တရာယ် သတိပေးချက်များကို ထုတ်ပြန်ထားကြောင်း၊ ထို့ပြင် မီးတောင်ပြာများနှင့် မီးတောင်လှုပ်ရှားမှုများသည် လေကြောင်းပျံသန်းမှုများအပေါ် သက်ရောက်နိုင်သည်ဟု အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ကမ္ဘောဒီးယားနိုင်ငံ ဘတ်တမ်ဘန်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားကာ အိမ်ထောင်စု ၂၁၀၀၀ ကျော် ရေဘေးသင့်ခဲ့

**ဖနွမ်းပင် အောက်တိုဘာ ၁**

ကမ္ဘောဒီးယားနိုင်ငံ အနောက်မြောက်ပိုင်းရှိ ဘတ်တမ်ဘန်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွားကာ အိမ်ထောင်စုပေါင်း ၂၁၀၀၀ ကျော် ရေဘေးသင့်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ယခုတစ်ပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပြည်နယ်အတွင်းရှိ နေအိမ်များ၊ လမ်းများနှင့် စိုက်ပျိုးမြေများအတွင်း ရေများဝင်ရောက်ခဲ့ပြီး ပြည်နယ်၏ လမ်းပိုင်းတချို့ ရေအောက်သို့ နစ်မြုပ်သွားကာ သွားလာရေး အခက်အခဲများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ဘတ်တမ်ဘန်ပြည်နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာတချို့တွင် နေအိမ်များနှင့် အဆောက်အအုံများအတွင်း ရေများဝင်ရောက်နေပြီး ဒေသခံများအနေဖြင့်



ရေကြီးရေလျှံမှုဒဏ်မှ ကာကွယ်နိုင်ရန် သဲအိတ်များဖြင့် နေအိမ်နှင့် အဆောက်အအုံများကို ကာရံထားရကြောင်း၊ အချို့သော လမ်းများတွင် ရေများဖုံးလွှမ်းနေသဖြင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာရာ၌ အခက်အခဲများဖြစ်ပေါ်နေကြောင်း သိရသည်။

ထို့ပြင် ရေကြီးမှုကြောင့် စိုက်ပျိုးမြေများလည်း ရေလွှမ်းခံနေရသဖြင့် ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများအပေါ် ထိခိုက်မှုများ ဖြစ်ပေါ်နိုင်ကြောင်း၊ ယခုကဲ့သို့ မိုးဆက်လက်ရွာသွန်းပါက ရေကြီးရေလျှံမှု ပိုမိုဆိုးရွားလာနိုင်သဖြင့် ရေဘေးအန္တရာယ်ရှိသည့်ဒေသများတွင် နေထိုင်သူများအနေဖြင့် သဘာဝဘေးသတိပေးချက်များကို လိုက်နာရန် သက်ဆိုင်ရာ အာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ထိုင်းနိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၂၄ ဦးထိရှိလာပြီး လူသန်းနှင့်ချီ၍ ရေဘေးဒဏ်ခံနေရ

**ဗန်ကောက် အောက်တိုဘာ ၁**

ထိုင်းနိုင်ငံတွင် စက်တင်ဘာလလယ်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုဖြစ်ပွားပြီး ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၂၄ ဦးထိရှိလာပြီး လူသန်းနှင့်ချီ၍ ရေဘေးဒဏ်ခံနေရကြောင်း သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် လျော့ပါးရေး ဦးစီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိတွင် ထိုင်းနိုင်ငံရှိ ပြည်နယ် ၂၉ ခုနှင့် ဗန်ကောက်မြို့တို့၌ ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားနေပြီး အိမ်ထောင်စု ၁ ဒသမ ၁၂ သန်းကျော်နှင့် လူဦးရေ ၃ ဒသမ ၁၉ သန်းခန့် ရေဘေးဒဏ်ခံနေရကြောင်း သိရသည်။

ထိုင်းနိုင်ငံ ပထဝီသတင်းအချက်အလက်နှင့် အာကာသနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ၏ ဂြိုဟ်တု အချက်အလက်များအရ နိုင်ငံတစ်ဝန်း ရေဖုံးလွှမ်းနေဆဲ မြေဧရိယာမှာ ဟက်တာ ၂၇၃၆၀၀ ခန့်ရှိကြောင်း သိရသည်။

နိုင်ငံ၏ နေရာအများစုတွင် မိုးရွာသွန်းမှု လျော့နည်းလာသော်လည်း တောင်ပိုင်းနှင့် အောက်ပိုင်းဒေသများတွင် မိုးဆက်လက်ရွာသွန်းနေကြောင်း၊ လက်ရှိ ရေကြီးရေလျှံမှုအခြေအနေမှာ ထိန်းချုပ်နိုင်သည့် အခြေအနေတွင်ရှိပြီး အရေးပေါ်အခြေအနေ ပေါ်ပေါက်လာခြင်းမရှိသေးကြောင်း အစိုးရ ပြောရေးဆိုခွင့်ရှိသူ Ekkapob Pianpises က ပြောကြားခဲ့သည်။

ယခုရက်ပိုင်းအတွင်း မိုးရွာသွန်းမှုလျော့နည်းလာသော်လည်း အောက်တိုဘာ ၄ ရက်မှ ၆ ရက်အတွင်း မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများတွင် မိုးပြန်လည်ရွာသွန်းနိုင်ပြီး အဆိုပါ မိုးရွာသွန်းမှုသည် အလယ်ပိုင်းဒေသများနှင့် ဗန်ကောက်မြို့ထိ သက်ရောက်နိုင်ကြောင်း မိုးလေဝသ ခန့်မှန်းချက်များအရ သိရသည်။

Ref : Russia Today
Trs : KZ

# သီရိလင်္ကာနိုင်ငံ၏ မုန်တိုင်းဒဏ်ခံခဲ့ရသော လမ်းများကိုပြုပြင်ရန် ကမ္ဘာ့ဘဏ်က ကန်ဒေါ်လာ သန်း ၁၁၀ ပံ့ပိုးမည်

**ကိုလံဘို အောက်တိုဘာ ၁**

သီရိလင်္ကာနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်း ဒစ်ဝါကြောင့် ပျက်စီးခဲ့သည့် လမ်းများကို ပြန်လည်ပြုပြင်ရန်အတွက် ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာ သန်း ၁၁၀ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရ အဆိုပါပံ့ပိုးငွေဖြင့် ကျောင်း၊ ဆေးရုံ၊ ဈေးနှင့်အခြားအများပြည်သူဝန်ဆောင်မှုများသို့ သွားလာရာတွင် အသုံးပြုသည့် လမ်းများကို အဓိကထား ပြန်လည် ပြုပြင်မည်ဖြစ်ကြောင်း သိရသည်။

လမ်းများပြန်လည်တည်ဆောက်ရာတွင် ရေစီးရေလာစနစ်များ ပိုမိုကောင်းမွန်စေရေး၊ မြေပြိုမှုကာကွယ်ရေး အစီအမံများနှင့် ရာသီဥတုဆိုးရွားမှုဒဏ်ခံနိုင်ရည်ရှိသည့်အင်ဂျင်နီယာစံနှုန်းများကို ထည့်သွင်းအသုံးပြုတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်ကလုန်းမုန်တိုင်း ဒစ်ဝါသည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလက သီရိလင်္ကာနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး နိုင်ငံတစ်ဝန်း လူဦးရေ နှစ်သန်းခန့်ထိခိုက်ခဲ့ကာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်လည်း ပြည်နယ်အဆင့်လမ်းကီလိုမီတာ ၂၀၀၀ ခန့်၊ ကျေးလက်လမ်း ကီလိုမီတာ ၃၅၀၀ ကျော်နှင့် တံတား ၇၀၀ ခန့် ပျက်စီးခဲ့ကြောင်း သိရသည်။

ယခုဆောင်ရွက်မည့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများမှတစ်ဆင့် လူဦးရေ ၈၃၀၀၀၀ ကျော် သွားလာမှုအဆင်ပြေချောမွေ့ လွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# မလေးရှားနိုင်ငံတစ်ဝန်းတွင် လေထုအရည်အသွေး ကျဆင်းပြီး လေထုညစ်ညမ်းမှုများဖြစ်ပေါ်

**ကွာလာလမ်ပူ အောက်တိုဘာ ၁**

မလေးရှားနိုင်ငံတစ်ဝန်းတွင် လေထုအရည်အသွေး ကျဆင်းပြီး နေရာဒေသအများအပြား၌ လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေကြောင်း တာဝန်ရှိသူများ၏ ယနေ့ထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရသည်။

မလေးရှားနိုင်ငံ လေထုညစ်ညမ်းမှုအညွှန်းကိန်း စီမံခန့်ခွဲမှုစနစ်၏ ယနေ့ထုတ်ပြန်ချက်အရ ဂျိုဟန်ဆီတီယာဒေသ၌ လေထုညစ်ညမ်းမှုအညွှန်းကိန်း ၁၇၅၊ ပြည်နယ်မြို့တော် ရှားအာလမ်မြို့တွင် လေထုညစ်ညမ်းမှုအညွှန်းကိန်း ၁၆၈၊ ချဲရပ်စ်ဒေသတွင် လေထုညစ်ညမ်းမှုအညွှန်းကိန်း ၁၇၀ နှင့် ဘာတူးမှုဒါဒေသတွင် လေထုညစ်ညမ်းမှုအညွှန်းကိန်း ၁၆၃ ထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

မလေးရှားနိုင်ငံ၏ လေထုအရည်အသွေး သတ်မှတ်ချက်အရ လေထုညစ်ညမ်းမှု အညွှန်းကိန်း သုညမှ ၅၀ ထိကို ကောင်းမွန်သည့်အဆင့်၊ ၅၁ မှ ၁၀၀ ထိကို အလယ်အလတ်အဆင့်၊ ၁၀၁ မှ ၂၀၀ ထိကို ကျန်းမာရေးအတွက် မသင့်လျော်သည့်အဆင့်၊ ၂၀၁ မှ ၃၀၀ ထိကို ကျန်းမာရေးအတွက် အလွန် မသင့်လျော်သည့်အဆင့်၊ ၃၀၁ နှင့်အထက်ကို အန္တရာယ်ရှိသည့်အဆင့်အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ



# စနေနေ့ညကစားမဲ့ နေးရှင်းလိဂ်ပွဲစဉ်တွေထဲက ရမှတ်လိုအပ်ချက်ရှိနေတဲ့ အင်္ဂလန်အသင်း၊ စပိန်အသင်း၊ ဆွစ်ဇာလန်အသင်းတို့ကိုအားပေးရမှာပါ



ဒီတစ်ပတ်စနေနေ့ညမှာလဲ နိုင်ငံတကာပွဲစဉ်တွေထဲက နေးရှင်းလိဂ်ပြိုင်ပွဲတွေ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်လို့ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲစဉ်တွေကို ကြည့်ရှုရအုံးမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်စနေနေ့ ညမှာတော့ ပရိသတ်စိတ်ဝင်စားမှုများတဲ့ အသင်းတွေဖြစ်တဲ့ စပိန်၊ ခရိုအေးရှား၊ အယ်ဘေးနီးယား စတဲ့အသင်းတွေ နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် လာမဲ့စနေနေ့ညကစားမဲ့ ပွဲစဉ်တွေမှာလဲ ကစားသမားစုဖွဲ့မှုအပြင် အသင်းလိုက်ကစားအားကောင်းပြီး ရမှတ်လိုအပ်ချက်ရှိနေတဲ့အသင်းတွေကိုပဲ အားပေးရမှာဖြစ်ပါတယ်။

### အင်္ဂလန်အသင်းကို အားပေးရမှာပါ

စနေနေ့ညကစားမဲ့ နေးရှင်းလိဂ်ပြိုင်ပွဲ လိဂ် A မှာအကြိုက်တွေ့တာကတော့ အင်္ဂလန်အသင်းနဲ့ ခရိုအေးရှားအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ နေးရှင်းလိဂ် A အုပ်စု ၃ မှာ စပိန်အသင်း၊ ချက်အသင်းတို့နဲ့တစ်အုပ်စုတည်းကျရောက်နေကြောင့် ပွဲကျပ်တယ်လို့ ဆိုရမှာပါ။ ဒီအုပ်စုမှာ တစ်သင်းကိုနှစ်ပွဲစီကစားပြီးချိန်မှာ စပိန်အသင်းက ရမှတ်ခြောက်မှတ်၊ အင်္ဂလန်ကရမှတ်သုံးမှတ်၊ ခရိုအေးရှားက ရမှတ်သုံးမှတ်၊ ချက်အသင်းက ရမှတ်မရသေးဘဲ အစဉ်လိုက်ရပ်တည်နေတာဖြစ်ပါတယ်။ ခရိုအေးရှားအသင်းကတော့ ပြီးခဲ့တဲ့နေးရှင်းလိဂ်အဖွင့်ပွဲမှာ ချက်အသင်းနဲ့ကစားခဲ့ပြီးနှစ်ဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ ဒုတိယပွဲမှာတော့ စပိန်အသင်းနဲ့အဝေးကွင်းမှာ ကစားရတာကြောင့် လေးဂိုးတစ်ဂိုးနဲ့ဂိုးပြတ်ရှုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြဘီလစ်အနေနဲ့ အခုပွဲမှာ ကွင်းလယ်ပိုင်းကစားပုံ ပြင်လာရင်တော့ အင်္ဂလန်တိုက်စစ်ကိုဟန့်တားနိုင်ဖို့များပေမဲ့ ကွင်းလယ်မှာလဲ ကိုဗာဆစ်၊ မိုဒရစ်တို့လို အသက်အရွယ်ရတဲ့ ကစားသမားတွေသာရှိနေတာက အင်္ဂလန်အသင်းကို ပွဲချိန်ပြည့်ယှဉ်ကစားဖို့တော့ အခက်တွေ့မှာပါ။

အင်္ဂလန်အသင်းကတော့ နည်းပြတူချယ်လက်ထက်မှာ ခံစစ်နဲ့ တိုက်စစ်ကစားပုံပြောင်းလဲသွားပြီး ကစားပုံတိုးတက်လာတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အုပ်စုအဖွင့်ပွဲမှာ စပိန်အသင်းနဲ့ ကစားခဲ့ရပေမဲ့ ပြိုင်ဘက်ကိုပွဲချိန်ပြည့်ဖိအားပေးကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒုတိယပွဲမှာတော့ ချက်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ထိန်းချုပ်ကစားနိုင်ခဲ့ပြီး နှစ်ဂိုးပြတ်နဲ့နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိကစားကွက်ပိုင်းမှာ တိုက်စစ်က ဟယ်ရီကိန်းနဲ့ ဂေါ်ဒွန်တို့အတွဲ ခြေစွမ်းပြသနေတာကြောင့် ခရိုအေးရှားအသင်းအနေနဲ့ ဒီတိုက်စစ်အတွဲကို ထိန်းချုပ်နိုင်တဲ့ကစားသမားနည်းပါးနေတာဖြစ်လို့ အခုပွဲစဉ်မှာ ဂိုးပေးရဖို့များပါတယ်။ ဒါ့ပြင် အင်္ဂလန်အသင်းအနေနဲ့ အခုပွဲကိုရှုံးခဲ့ရင် နောက်တစ်ဆင့်တက်နိုင်ဖို့ အခွင့်အရေးမရှိတော့တာကြောင့် အခုပွဲမှာ မဖြစ်မနေနိုင်ပွဲရှာရမဲ့ အင်္ဂလန်အသင်းကိုပဲအားပေးရမှာပါ။

### ခရိုအေးရှားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပနားမား | ၀ | - | ၁ | ခရိုအေးရှား |
| ခရိုအေးရှား | ၂ | - | ၁ | ဂါနာ |
| ပေါ်တူဂီ | ၂ | - | ၁ | ခရိုအေးရှား |
| ချက် | ၁ | - | ၂ | ခရိုအေးရှား |
| စပိန် | ၄ | - | ၁ | ခရိုအေးရှား |

### အင်္ဂလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| နော်ဝေ | ၁ | - | ၂ | အင်္ဂလန် |
| အင်္ဂလန် | ၁ | - | ၂ | အာဂျင်တီးနား |
| ပြင်သစ် | ၄ | - | ၆ | အင်္ဂလန် |
| အင်္ဂလန် | ၂ | - | ၃ | စပိန် |
| ချက် | ၀ | - | ၂ | အင်္ဂလန် |

### စပိန်အသင်း နိုင်ပွဲရမှာပါ

နေးရှင်းလိဂ် A မှာ နောက်ထပ်အကြိုက်ထပ်တွေ့တာကတော့ စပိန်အသင်းနဲ့ ချက်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိစပိန်အသင်းကလဲ နည်းပြဖူအန်တီလက်ထက်မှာ အကောင်းဆုံးပုံစံရရှိနေပြီး ယူရို ၂၀၂၄ ခုနှစ်ပြိုင်ပွဲကစပြီး အဓိကပြိုင်ပွဲတိုင်းမှာ ရှုံးပွဲမရှိခဲ့ဘဲ ချန်ပီယံဆုဖလားတွေကို ဆွတ်ခူးနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ အင်္ဂလန်အသင်းနဲ့ကစားခဲ့ရပြီး နိုင်ပွဲရှာနိုင်ခဲ့သလို ဒုတိယပွဲစဉ်မှာလဲ ခရိုအေးရှားအသင်းကို အဘက်ဘက်ကအသာစီးရယူပြီး ဂိုးပြတ်နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိနှစ်ပွဲကစားအပြီးမှာတော့ ယာမယ်က သွင်းဂိုးသုံးဂိုးထိသွင်းယူနိုင်ခဲ့တာကြောင့် ချက်အသင်းလို ထိပ်တန်းအဆင့်ကစားသမားနည်းပါးတဲ့အသင်းအနေနဲ့ ယာမယ်နဲ့ နစ်ဂိုးဝီလျံအတွဲကို ထိန်းချုပ်နိုင်တဲ့ကစားသမားမရှိလို့ စပိန်အသင်းရဲ့ သွင်းဂိုးတွေကိုသာရေတွက်ရဖို့များပါတယ်။

ချက်အသင်းနဲ့ ဥရောပအသင်းတွေထဲမှာ ဖြတ်မျဉ်းအဆင့်သာရှိတဲ့ အသင်းဖြစ်ပြီး အထူးသဖြင့်အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံကောင်းတာကိုတွေ့ရမှာပါ။ လက်ရှိပြိုင်ပွဲမှာတော့ နှစ်ပွဲကစားအပြီး နှစ်ပွဲရှုံးနဲ့ အမှတ်ပေးဇယားအောက်ဆုံးမှာရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းကိုတော့ ဂျာမန်ကလပ်တွေမှာခြေစွမ်းပြနေတဲ့ ကစားသမားတွေနဲ့စုဖွဲ့ထားပေမဲ့ ဟော်ဖန်ဟိမ်းအသင်းမှာ ခြေစွမ်းပြနေတဲ့ ဟာလိုဇက်တစ်ယောက်သာထိပ်တန်းအဆင့်ခြေစွမ်းမျိုးရှိနေတာကြောင့် အခုပွဲမှာ စပိန်အသင်းကို ပွဲချိန်ပြည့်ယှဉ်ကစားဖို့တော့မဖြစ်နိုင်ပါဘူး။ စပိန်အသင်းလို ခံစစ်နဲ့တိုက်စစ်ကစားပုံ မာကျောတဲ့အသင်းကို အဝေးကွင်းကနေထိန်းချုပ်ကစားဖို့မဖြစ်နိုင်လို့ အခုပွဲမှာ ချက်အသင်း ခံစစ်အားပြုကစားမှသာ ပေးဂိုးနည်းမှာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲကိုနိုင်ပွဲရရင် နောက်တစ်ဆင့်တက်ရောက်ဖို့ အခွင့်အရေးများနေတဲ့ စပိန်အသင်းဂိုးရသလောက် သွင်းမှာဖြစ်လို့ အခုပွဲမှာ စပိန်အသင်းပဲနိုင်ပွဲရမှာပါ။

### စပိန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စပိန် | ၂ | - | ၁ | ဘယ်လ်ဂျီယံ |
| ပြင်သစ် | ၀ | - | ၂ | စပိန် |
| စပိန် | ၁ | - | ၀ | အာဂျင်တီးနား |
| အင်္ဂလန် | ၂ | - | ၃ | စပိန် |
| စပိန် | ၄ | - | ၁ | ခရိုအေးရှား |

### ချက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| တောင်ကိုရီးယား | ၂ | - | ၁ | ချက် |
| ချက် | ၁ | - | ၁ | တောင်အာဖရိက |
| ချက် | ၀ | - | ၃ | မက္ကဆီကို |
| ချက် | ၁ | - | ၂ | ခရိုအေးရှား |
| ချက် | ၀ | - | ၂ | အင်္ဂလန် |

### ဆွစ်ဇာလန်အသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညကစားမဲ့ နေးရှင်းလိဂ် B မှာအကြိုက်တွေ့တာကတော့ ဆွစ်ဇာလန်အသင်းနဲ့ ဆလိုဗေးနီးယားအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆွစ်ဇာလန်အသင်းဟာ အဖွင့်ပွဲမှာ မက်ဆီဒိုးနီးယားအသင်းကို သုံးဂိုးဂိုးမရှိ၊ ဒုတိယပွဲမှာ စကော့တလန်အသင်းကို သုံးဂိုးပြတ်နဲ့ နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် နှစ်ပွဲကစားအပြီး ရမှတ်ခြောက်မှတ်နဲ့ အမှတ်ပေးဇယားကိုဦးဆောင်နေတာဖြစ်လို့ လာမဲ့ပွဲတွေမှာ နိုင်ပွဲရှာနိုင်ခဲ့ရင် လိဂ် A ကိုတန်းတက်ခွင့်ရဖို့ သေချာမှာဖြစ်ပါတယ်။ လက်ရှိမှာတိုက်စစ်မှူးအန်ဒွန်နီက နှစ်ပွဲပေါင်းသုံးဂိုးထိသွင်းယူပြီး ဂိုးသွင်းအများဆုံးဖြစ်နေတာကိုသတိပြုရမှာပါ။ ဒါကြောင့် အခုပွဲမှာ အသင်းလိုက်ကစားပုံကောင်းနေတဲ့ ဆွစ်ဇာလန်အသင်း ဆလိုဗေးနီးယားကို ပွဲချိန်ပြည့်ဖိအားပေးကစားနိုင်မှာ သေချာပါတယ်။

ဆလိုဗေးနီးယားအသင်းကတော့ နည်းပြသစ်ဆီဇာလက်ထက်မှာ တိုက်စစ်ကစားပုံကောင်းလာခဲ့ပေမဲ့ ခံစစ်ပိုင်းကတော့ အားနည်းချက်ရှိသွားတာကိုတွေ့ရမှာပါ။ အခုပြိုင်ပွဲ အဖွင့်ပွဲမှာ စကော့တလန်နဲ့ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒုတိယပွဲမှာတော့ နည်းပြဟာ ကစားပုံပြောင်းလဲခဲ့ပြီး တိုက်စစ်အားပြုကစားခဲ့တာကြောင့် မက်ဆီဒိုးနီးယားအသင်းကို နှစ်ဂိုးပြတ်နဲ့နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အခုသူတို့နှစ်သင်းကစားစုဖွဲ့မှုမှာလဲ ဆွစ်ဇာလန်ကအသာရနေသလို ထိပ်တိုက်တွေ့ဆုံမှုခြောက်ကြိမ်မှာလဲ ဆွစ်ဇာလန်က လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲသာရှုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုမှာအသာရနေပြီး အခုပွဲကိုနိုင်ပွဲရဖို့လိုအပ်နေတဲ့ အိမ်ရှင် ဆွစ်ဇာလန်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

### ဆွစ်ဇာလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆွစ်ဇာလန် | ၂ | - | ၀ | အယ်ဂျီးရီးယား |
| ဆွစ်ဇာလန် | ၀ | - | ၀ | ကိုလံဘီယာ |
| အာဂျင်တီးနား | ၃ | - | ၁ | ဆွစ်ဇာလန် |
| မက်ဆီဒိုးနီးယား | ၀ | - | ၃ | ဆွစ်ဇာလန် |
| စကော့တလန် | ၀ | - | ၃ | ဆွစ်ဇာလန် |

### ဆလိုဗေးနီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မွန်တီနီဂရိုး | ၂ | - | ၃ | ဆလိုဗေးနီးယား |
| ဆလိုဗေးနီးယား | ၁ | - | ၁ | ဆိုက်ပရက်စ် |
| ခရိုအေးရှား | ၂ | - | ၁ | ဆလိုဗေးနီးယား |
| ဆလိုဗေးနီးယား | ၀ | - | ၀ | စကော့တလန် |
| ဆလိုဗေးနီးယား | ၂ | - | ၀ | မက်ဆီဒိုးနီးယား |

# (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာ့ဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်) နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀,၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**








## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ မန်းမြို့ဈေးအနောက်၊ ၃၈-၃၉ လမ်းကြား၊ ၈၅ လမ်း လှည်းတန်းရပ်နေ ဒေါ်သူဇာသိမ့်၏သား မောင်မင်းခန့်ဦး(၉/မဟမ(နိုင်)၀၆၅၃၅၇)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဒေါ်သူဇာသိမ့်(၉/မရတ(နိုင်)၀၀၃၀၉၄)

## အမည်ပြောင်း

ဘားအံမြို့၊ သာမညကျေးရွာ၊ ပညာအောင်တံခွန်ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော (ဘ) ဦးခွန်ကိုကိုဦး၏သား Grade-4 မှ ခွန်သော်ဇင်ဦးအား **ခွန်ဟန်သစ်ထွန်း** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်နှင့် Grade-1(B) မှ ခွန်ခေတ်သစ်ဦးအား **ခွန်ဥာဏ်ထူးကိုကို** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **ခွန်ဟန်သစ်ထွန်း၊ ခွန်ဥာဏ်ထူးကိုကို**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါ၊ အကွက်(၇၀၃)နေ မဝင့်ဝါဝါသက်ထွန်း (ဘ) ဦးသက်ထွန်း(၉/ခအဇ(နိုင်)၀၈၁၈၈၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-795000056

## အမည်မှန်

မလှိုင်မြို့၊ မိသားစုကိုယ်ပိုင်ကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော ဦးချစ်စန်းမောင်(၉/နထက(နိုင်)၁၃၃၀၄၇)၏သား မောင်ပြည့်စုံ၏ အမည်မှန်မှာ **မောင်ပြည့်စုံရ** ဖြစ်ပါကြောင်း။

**မောင်ပြည့်စုံရ(၉/မခန(နိုင်)၃၄၉၄၇၀)**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ စန်းငွေအောင် (ဘ) ဦးအားယုန်(၉/ခအဇ(ပြု)၀၀၀၈၉၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MH-916837)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-443488892

## အဖိုးတန်ရေချိုကို ချွေတာပါ

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊

စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊

၀၆၇-၈၁၀၃၃၃၄၊

Email Address - accm@accm.gov.mm၊

Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ကြေးမုံ ယနေ့ဖတ်စရာ

၆၂ နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ
စာမျက်နှာ - ၁၈

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ
စာမျက်နှာ - ၉

# တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြား




မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၁

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

## အယ်လ်နီညိုဖြစ်စဉ်ကြောင့် အစွန်းရောက်မိုးလေဝသ ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ(Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ထုတ်ပြန်ချက်များကို အခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ ယခုနှစ် နှစ်ကုန်ပိုင်းတွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ရောက်ရှိနိုင်သည်ဟုခန့်မှန်းရသည်။ စာမျက်နှာ ၂၆ ကော်လံ ၄ ❒

# ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်တိုင် ၂၅/၄-၂၆/၁ ကြားတွင် တောင်ပြိုလမ်းပိတ်နေရာကို လူအင်အား၊စက်အင်အားဖြင့် ရှင်းလင်းဆောင်ရွက်ရာ ညနေပိုင်းတွင် ယာဉ်များဖြတ်သန်းသွားလာနိုင်ပြီဖြစ်

ဖလမ်း အောက်တိုဘာ ၁

ကလေး - ဖလမ်း - ဟားခါးလမ်း မိုင်တိုင် ၂၅/၄-၂၆/၁ ကြားတွင် ယနေ့ နံနက် ၇ နာရီခန့်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ပြို၍လမ်းပိတ်ဆို့နေသည့်နေရာကို လမ်းကြောင်းအမြန်ဆုံး ဖြတ်သန်းသွားလာနိုင်ရေးနှင့် အများပြည်သူများ အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေးအတွက် လမ်းအထူးအဖွဲ့ (၁၀)က လုံလောက်သောလူအင်အားနှင့် စက်အင်အားများဖြင့် ရှင်းလင်းဆောင်ရွက်ရာ ယနေ့ညနေပိုင်းတွင် ယာဉ်များဖြတ်သန်း သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိနေသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့်အတူ ကလေး - ဖလမ်း - ဟားခါးလမ်းတစ်လျှောက် လမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကားလမ်းတစ်လျှောက် မိုးရွာသွန်းမှုကြောင့် လမ်းသားပဲ့ကျနေမှုများနှင့် မြေစာပြိုကျနေမှုများကို တာဝန်ရှိသူများက စာမျက်နှာ ၂၆ ကော်လံ ၄ ❍

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ပြို၍ လမ်းပိတ်ဆို့နေသည့် ကလေး - ဖလမ်း - ဟားခါးလမ်း မိုင်တိုင် ၂၅/၄-၂၆/၁ ကြား တောင်ပြိုလမ်းပိတ်နေရာ ပြန်လည်ရှင်းလင်းပြီးစီးမှုကို တွေ့ရစဉ်။





# အကြိမ် ၂၀ မြောက်အာရှအားကစားပြိုင်ပွဲ Esports ပြိုင်ပွဲ၌ MLBB ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Team Zanaka အသင်း ရွှေတံဆိပ်ဆုဆွတ်ခူး

အာရှအားကစားပြိုင်ပွဲ Esports ပြိုင်ပွဲ၌ MLBB ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့သည့် မြန်မာနိုင်ငံကိုယ်စားပြု Team Zanaka အသင်းကို တွေ့ရစဉ်။

ရန်ကုန် အောက်တိုဘာ ၁

ဂျပန်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ Esports ပြိုင်ပွဲ၌ MLBB ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Team Zanaka အသင်း ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့ကြောင်း သိရသည်။

အဆိုပါ MLBB ပြိုင်ပွဲတွင် Team Zanaka အသင်းသည် အုပ်စုပွဲစဉ်များတွင် ဥဇဘက်ကစ္စတန်အသင်း၊ ဟောင်ကောင်အသင်းတို့ကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်ပွဲစဉ်တွင် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကာ ဆီမီးဖိုင်နယ်အဆင့်တွင်လည်း မလေးရှားအသင်းနှင့် စာမျက်နှာ ၂၆ ကော်လံ ၅ ❖

ကြေးမုံ ယနေ့ဖတ်စရာ

လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို ဖယ်ရှားရှင်းလင်း
စာမျက်နှာ - ၂၄